စက်မှုအလင်း ဂျာနယ်

Beacon of Industry

Vol.3, No.2 - Jan 31 , 2018 www.industry.gov.mm စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတတို့ တွေ့ဆုံ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ကျင်းပသည့် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅) နှစ် မြောက်အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးနှင့်အိန္ဒိယနိုင်ငံ၏ (၆၉) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက်တွင် အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စတာရမ်နက်သ်ကိုဗင့်ဒ်အား နယူးဒေလီမြို့ရှိသမ္မတအိမ်တော်၌ တွေ့ဆုံခဲ့သည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတတို့ နယူးဒေလီမြို့ရှိသမ္မတအိမ်တော်၌ တွေ့ဆုံစဉ်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်နေသည့် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံစီမံကိန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးကိစ္စ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်ယဉ်ကျေးမှုကဏ္ဍများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံက ပါဝင်ကူညီရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနိုင်ငံတကာစက်မှုနည်းပညာပြပွဲ၊ ပြိုင်ပွဲ ကြည့်ရှုအားပေး

စာ - ၃



အထက (၂) ညောင်လေးပင်မှ **Grade-9** ကျောင်းသား မောင်အောင်ဇေယျာထက်၏ တီထွင်စမ်းသပ်မှုအား ပြည်ထောင်စုဝန်ကြီး ကြည့်ရှုအားပေးစဉ်။

## လျှပ်စစ်ကားကဏ္ဍတွင် မော်တော်ယာဉ်ထုတ်လုပ်သူများ ဒေါ်လာဘီလီယံ ၉၀ ကျော် ရင်းနှီးမြှုပ်နှံ

စာ - ၁၈




## ကြီးမားသည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခု ကမ္ဘာမြေအနီးမှ ဖြတ်သန်းမည်

စာ - ၂၀



## ကားများ လောင်စာဆီမှီခိုရခြင်း ကင်းဝေးကြစေဖို့

စာ - ၇

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ASEAN-India Business and Investment Meet and Expo 2018 သို့တက်ရောက်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် အိန္ဒိယနိုင်ငံအစိုးရ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Suresh Prabhu ၏ဖိတ်ကြားချက်အရ ***အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ASEAN-India Business and Investment Meet and Expo 2018*** သို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် **ဇန်နဝါရီလ ၂၂ ရက်နေ့ မွန်းလွဲပိုင်းတွင် နယူးဒေလီမြို့ The Ashok Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် ASEAN-India Business and Investment Meet and Expo 2018 ဖွင့်ပွဲအခမ်းအနား**သို့ တက်ရောက် မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Vocational Training School များ တည်ထောင်ခြင်း၊ Renewable Energy ကဏ္ဍ၊ Research & Development ကဏ္ဍ၊ နိုင်ငံပိုင်စက်ရုံများ Public Private Partnership စနစ်ဖြင့် ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ မော်တော်ယာဉ်မူဝါဒနှင့် ဥပဒေရေးဆွဲ ဆောင်ရွက်နေမှု၊ အသေးစားနှင့် အလတ်စား ( SME ) များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့်အစီအစဉ်များ၊ သံနှင့် သံမဏိထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည့်အခြေအနေ၊ ပြည်တွင်းလိုအပ်ချက်အရ ဆေးဝါးများ တိုးမြှင့်ထုတ်လုပ်မည့်အစီအစဉ်များနှင့် နိုင်ငံပိုင်စက်ရုံများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် Investor များကို ဖိတ်ခေါ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ဖွင့်ပွဲအစီအစဉ်အပြီးတွင် အိန္ဒိယနိုင်ငံနှင့်အာဆီယံနိုင်ငံအသီးသီးမှပြသထားရှိသည့် ထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှုကာ မြန်မာနိုင်ငံမှလာရောက်ပြသကြသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။



မြန်မာနိုင်ငံမှထုတ်ကုန်ပစ္စည်းများ လာရောက်ပြသကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပြည်ထောင်စုဝန်ကြီး တွေ့ဆုံအားပေးစဉ်။




အခမ်းအနားသို့တက်ရောက်လာကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်အရာရှိကြီးများ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ***ညပိုင်းတွင် အိန္ဒိယနိုင်ငံအစိုးရ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးမှတည်ခင်းဧည့်ခံသည့် ညစာစားပွဲအစီအစဉ်***သို့ အိန္ဒိယနိုင်ငံအစိုးရအဖွဲ့နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး နိုင်ငံအချင်းချင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကို ရင်းနှီးခင်မင်စွာဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် **ဇန်နဝါရီလ ၂၃ ရက်နေ့၊ နံနက်ပိုင်းတွင် နယူးဒေလီမြို့၊ The Ashok Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် Plenary Session-1 ' Trade in Services : Deeper Engagement of India and ASEAN ' အစီအစဉ်**တွင်တက်ရောက်၍ အထူးမိန့်ခွန်း ( Special Address ) ပြောကြားရာတွင် မြန်မာနိုင်ငံအစိုးရ အသစ်လက်ထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေကောင်းများ၊ Ease of Doing Business အတွက် ဆောင်ရွက်လျက်ရှိသည့်အစီအစဉ်များ၊ ASEAN-Led Regional Comprehensive Economic Partnership ( RCEP )၊ ASEAN-India Framework Agreement on Comprehensive Economic Cooperation၊ ASEAN and Six Free Trade Agreement ( FTA ) Partners ဆိုင်ရာကိစ္စရပ်များ ထည့်သွင်းပြောကြားခဲ့သည်။ ***မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နယူးဒေလီမြို့၊ The Lalit Hotel Crystal Ballroom ၌ကျင်းပပြုလုပ်ခဲ့သည့် India-ASEAN Weaving Textile Relations: The Fabric & Fashion Show*** သို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး ***ညပိုင်းတွင် အိန္ဒိယနိုင်ငံအစိုးရ ပြည်ပရေးရာဝန်ကြီးဌာနမှ ကျင်းပပြုလုပ်သည့် India-ASEAN Youth Awards ဆုချီးမြှင့်ခြင်းအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအစီအစဉ်***သို့ တက်ရောက်အားပေးခဲ့ပြီး ဆုရရှိသည့်မြန်မာလူငယ် ၃ ဦးအား ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့သည်။

ယခုကျင်းပသည့် ASEAN-India Business and Investment Meet and Expo 2018 ကို အိန္ဒိယနိုင်ငံအစိုးရ ပြည်ပရေးရာဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့၏ စီစဉ်ညွှန်ကြားမှုဖြင့် Confederation of Indian




ASEAN-India Business and Investment Meet and Expo 2018 ၏
Trade in Services : Deeper Engagement of India and ASEAN အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး Special Address ပြောကြားစဉ်။

**စာမျက်နှာ ၆ သို့-**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆေးဝါးစက်ရုံ (အင်းစိန်) အား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇန်နဝါရီလ ၂၇ ရက်နေ့က ***ကြို့ကုန်းရှိ ဆေးဝါးစက်ရုံ (အင်းစိန်) BPI*** သို့ ရောက်ရှိရာ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်နှင့်စက်ရုံမှူးတို့က ဆေးဝါးစက်ရုံ (အင်းစိန်) ၏ ကုန်ထုတ်လုပ်မှု တိုးမြှင့်ထားမှုအခြေအနေ၊ ဝန်ထမ်းများအခြေအနေ၊ ဆေးဝါးအမယ်သစ်များ တီထွင်ထုတ်လုပ်နိုင်မှုအခြေအနေ၊ ဝန်ထမ်းများသက်သာချောင်ချိရေး ဆောင်ရွက်ထားမှုအခြေအနေတို့အား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ***ဆေးဝါးစက်ရုံ (အင်းစိန်)*** ရှိ ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်နေမှုများ၊ ပဋိဇီဝဆေးများ ထုတ်လုပ်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး **(ပုံ)** ပြည်သူလူထုမှ ယုံကြည်စွာအားပေးလျက်ရှိသည့်အတွက် အရည်အသွေးဆက်လက်ထိန်းသိမ်း၍ GMP Guide Line နှင့်အညီ ထုတ်လုပ်ကြရန်၊ ဈေးကွက်လိုအပ်ချက်ရှိသော ဆေးဝါးများကို တိုးမြှင့်ထုတ်လုပ်သွားရန်၊ ဈေးကွက်တွင် BPI ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်သွားရန်၊ နိုင်ငံတကာအဆင့်မီ ခေတ်မီစက်များအား စနစ်တကျကိုင်တွယ်နိုင်ရေးနှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး စီမံဆောင်ရွက်သွားရန်မှာကြားခဲ့သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ***မြန်မာ့ဆေးဝါးလုပ်ငန်း၊ သုတေသနဌာန***သို့ ရောက်ရှိပြီး ပြုပြင်မွမ်းမံနေမှုများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညွှန်ကြားခဲ့သည်။

ဆေးဝါးစက်ရုံ (အင်းစိန်) အနေဖြင့် BPI ဆေးဝါးများကို GMP

**စာမျက်နှာ ၅ သို့-**

**မျက်နှာဖုံးမှ-**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇန်နဝါရီလ ၂၈ ရက်နေ့၊ နံနက်က ***ရန်ကုန်မြို့၊ တပ်မတော်ခန်းမတွင် စက်မှုဝန်ကြီးဌာနမှကြီးမှူးကျင်းပသည့် (၄) ကြိမ်မြောက် နိုင်ငံတကာ စက်မှုနည်းပညာပြပွဲ၊ ပြိုင်ပွဲ*** အခမ်းအနားသို့ တက်ရောက်အားပေးပြီး နိုင်ငံတကာစက်မှုနည်းပညာပြပွဲတွင်ပြသထားသော တီထွင်ဆန်းသစ်မှုများနှင့် စက်မှုထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။



ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ပြည်ထောင်စုဝန်ကြီး ဆုချီးမြှင့်စဉ်။

မြန်မာနိုင်ငံ၏အနာဂတ်စက်မှုနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်မျှော်၍ နိုင်ငံတကာနည်းပညာပြပွဲအား ကျင်းပလာခဲ့သည်မှာ (၄) ကြိမ်မြောက် ရှိပြီဖြစ်သည်။ ပြပွဲတွင် စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် စက်မှုလုပ်ငန်းများမှ ဆောင်ရွက်နေသည့်လုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းများကို မိတ်ဆက်ပြသခြင်း၊ ရောင်းချခြင်း၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်းများပြသခြင်း၊ ရောင်းချခြင်း၊ ပြည်တွင်းနည်းပညာဆိုင်ရာ ပုဂ္ဂလိကကုမ္ပဏီများက ထုတ်ကုန်ပစ္စည်းများအကြောင်း ရှင်းလင်းပြသခြင်းတို့အား ပြသထားသည်။



နည်းပညာပြပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

***နိုင်ငံတော်၏ ရည်မှန်းချက်တစ်ခုဖြစ်သော နည်းပညာအသုံးချ၍ Value Added ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံသားတိုင်း၏ တီထွင်ဖန်တီးမှုစိတ်ကူးစိတ်သန်းများကို မြှင့်တင်ပေးရန်၊ လက်တွေ့ပြင်ပလောကတွင် အမှန်တကယ်အသုံးချနိုင်သည့်အဆင့်ရောက်စေရန် ရည်ရွယ်၍*** Inventor Award စက်မှုနည်းပညာတီထွင်ဖန်တီးမှုပြိုင်ပွဲ ကျင်းပပြုလုပ်ပေးနေခြင်းဖြစ်သည်။

ယင်းပြပွဲများ ကျင်းပပြုလုပ်ပေးခြင်းကြောင့် မြန်မာနိုင်ငံ၏နည်းပညာကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတကာမှနည်းပညာများ မိတ်ဆက်ပြသနိုင်ခြင်း၊ နိုင်ငံတကာမှနည်းပညာများနှင့် ပြည်တွင်းမှနည်းပညာများကို အပြန်အလှန်ချိတ်ဆက်၍ နည်းပညာကဏ္ဍအသီးသီးကို ပြည်သူလူထုများ ပိုမိုသိရှိနားလည်စေနိုင်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် စက်မှုဝန်ကြီးဌာနနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အဆင့်မြင့်နည်းပညာအသုံးချကာ ထုတ်လုပ်မှုအားပိုမိုတွင်ကျယ်လာစေခြင်း၊ နိုင်ငံသားတို့၏တီထွင်ဖန်တီးနိုင်မှု စိတ်ကူးစိတ်သန်းများအား မြှင့်တင်နိုင်ခြင်းတို့ကိုဖြစ်ပေါ်လာစေရန်၊ နိုင်ငံတော်အတွက် အသုံးချနိုင်သော တီထွင်ဖန်တီးမှုများ ထွက်ပေါ်လာစေရန်ဖြစ်သည်။

စက်မှုနည်းပညာများကို အခြေခံကာ နည်းပညာအမျိုးမျိုးအသုံးပြု၍ စက်မှုနည်းပညာတီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ Inventor Award အား အလွတ်တန်းအဆင့်၊ နည်းပညာတက္ကသိုလ်အဆင့်၊ နည်းပညာကောလိပ်အဆင့်၊ နည်းပညာအထက်တန်းကျောင်း/စက်မှုသင်တန်းကျောင်းအဆင့်ဟူ၍ အဆင့် ၄ မျိုးခွဲ၍ ကျင်းပခဲ့ရာ ပြိုင်ပွဲတွင်အတန်းလိုက်

**စာမျက်နှာ ၅ သို့-**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ စက်ရုံများနှင့်စက်မှုသင်တန်းကျောင်းတို့အား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇန်နဝါရီလ ၁၃ ရက်နေ့၊ နံနက်ပိုင်းတွင် ***မကွေးတိုင်း၊ တောင်တွင်းကြီးမြို့ရှိ ဝါကြိတ်စက်ရုံ***သို့ရောက်ရှိပြီး KoKoMyint International Trading Co.,Ltd. နှင့်ပူးပေါင်း၍ ဝါဂွမ်းထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှု၍ ဝါဂွမ်းများ သန့်စင်စေရန်နှင့် အလေအလွင့်မရှိစေရန်၊ စက်ပစ္စည်းများကို အစဉ်သန့်ရှင်း၍ စနစ်တကျဆောင်ရွက်ထားရန်နှင့် စွမ်းဆောင်ရည်နိမ့်သည့်စက်များကိုလည်း အမြန်ဆုံးပြုပြင်မြှင့်တင်ရမည်ဖြစ်ကြောင်း၊ မီးဘေးနှင့် လုပ်ငန်းခွင်အန္တရာယ်မဖြစ်စေရေး အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် လုပ်ငန်းခွင်တွင် တက်တက်ကြွကြွဆောင်ရွက်ရန်လိုကြောင်း၊ ဝါဂွမ်းများကို ဈေးကွက်လိုအပ်ချက်နှင့်အညီ အချိန်မီထုတ်လုပ်ပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
ဝါကြိတ်စက်ရုံအတွင်း ဝါဂွမ်းထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ***မကွေးမြို့ရှိစက်မှုသင်တန်းကျောင်း***သို့ သွားရောက်ပြီး သင်တန်းသားများလက်တွေ့လေ့ကျင့်သင်ကြားနေမှုအခြေအနေနှင့် သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ သင်တန်းသားများအား လက်တွေ့ပြင်ပလောကတွင် ကျွမ်းကျင်အသုံးဝင်သူများဖြစ်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်၍ ထုတ်လုပ်နိုင်ရန် အခြေခံကျသည့် ဒီဇိုင်းကောင်းရန် အရေးကြီးကြောင်း၊ လက်တွေ့အသုံးချနိုင်မည့် ဘာသာရပ်များကိုသာ သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ Upgrade ပြုလုပ်နိုင်ရန်အတွက် နည်းပြများ၏ကျွမ်းကျင်မှုကို အစဉ်မြှင့်တင်ရန်လိုကြောင်း၊ သင်တန်းနည်းပြများအနေဖြင့် သင်တန်းသားများကို လေ့ကျင့်သင်ကြားပေးနေရင်း မိမိတို့၏အရည်အသွေးပိုမိုတိုးတက်စေရန် အစဉ်အမြဲလေ့လာလေ့ကျင့်ရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
စက်မှုသင်တန်းကျောင်း(မကွေး) တွင် သင်တန်းသားများလက်တွေ့လေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

နေ့လယ်ပိုင်းတွင် ပုဂ္ဂလိက Super One Co.,Ltd. သို့ငှားရမ်းထားသည့် ***မကွေးဆပ်ပြာစက်ရုံ***သို့ရောက်ရှိပြီး စက်များ၏ကြံ့ခိုင်မှုအခြေအနေ၊ ရွှေဝါဆပ်ပြာ၊ ကာဘော်လစ်နှင့် အသစ်တီထွင်ထားသောဆပ်ပြာအမျိုးမျိုး ထုတ်လုပ်မှုကိုစစ်ဆေးပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှအားပေးကူညီလျက်ရှိကြောင်း၊ တီထွင်ထုတ်လုပ်၍ ဈေးကွက်ထိုးဖောက်ရန်လိုကြောင်း လမ်းညွှန်မှာကြားပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
Super One Co.,Ltd. သို့ငှားရမ်းထားသည့် မကွေးဆပ်ပြာစက်ရုံ၌
ဆပ်ပြာအမျိုးမျိုးထုတ်လုပ်မှုအား ကြည့်ရှုစစ်ဆေးစဉ်။

ညနေပိုင်းတွင် ***ပွင့်ဖြူမြို့ရှိ အမှတ် (၄) အထည်စက်ရုံ***သို့ ရောက်ရှိစစ်ဆေးပြီး စက်ရုံမှထုတ်လုပ်သည့် အဝတ်အထည်များသည် သုံးစွဲသူများနှစ်သက်မည့် သစ်လွင်ဆန်းသစ်သည့် ဒီဇိုင်းများဖြစ်ရန်လိုကြောင်း၊ ထုပ်ပိုးမှုစနစ်သစ်ဖြင့် သုံးစွဲသူများကြိုက်နှစ်သက်သည့် အဆင်ဒီဇိုင်းများထုတ်လုပ်နိုင်ရန် ဈေးကွက်သုတေသနပြုလုပ်၍ သုံးစွဲသူပြည်သူများလက်ဝယ်အရောက် ဖြန့်ဖြူးရန်လိုကြောင်း၊ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာရမည့်အပြင် တာရှည်အသုံးခံအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စက်ရုံရှင်သန်လည်ပတ်နိုင်ရေးအတွက် ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
အမှတ် (၄) အထည်စက်ရုံ(ပွင့်ဖြူ) မှ ထုတ်လုပ်သည့်အထည်များအား ကြည့်ရှုစစ်ဆေးစဉ်။

ဇန်နဝါရီလ ၁၄ ရက်နေ့၊ နံနက်ပိုင်းတွင် ***မြင်းခြံအထည်စက်ရုံခွဲ***သို့ ရောက်ရှိပြီး ကျန်းမာရေးသုံးဆေးဂွမ်းနှင့်ပတ်တီးများကို ကောင်းမွန်သောထုတ်လုပ်မှု (GMP) စနစ်ဖြင့် ထုတ်လုပ်နေမှု၊ Golden Care Medical Supply Co.,Ltd. နှင့်ပူးပေါင်း၍ ကျောက်ပတ်တီးများ ထုတ်လုပ်ရန် စီမံဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှု၍ ပြည်တွင်းဈေးကွက်ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ အမှတ်တံဆိပ်နှင့် ထုပ်ပိုးမှုပုံစံများကို ဈေးကွက်ဝင်ရန် ပြောင်းလဲရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

နေ့လယ်ပိုင်းတွင် ***မြင်းခြံအမှတ် (၁) သံမဏိစက်ရုံ***သို့ ရောက်ရှိပြီး စက်ရုံပြန်လည်လည်ပတ်လျှင်ဆောင်ရွက်မည့် အစီအမံများရှင်းလင်းတင်ပြမှုအပေါ် ပြည်

**စာမျက်နှာ ၅ သို့-**

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား JICA Myanmar Office မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား JICA Myanmar Office မှ Chief Representative Mr. Masayuki KARASAWA ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၁၅ ရက်နေ့၊ နံနက် ၉ နာရီခွဲတွင် ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ Electric Vehicle နှင့်လျှပ်စစ်စက်ဘီးများထုတ်လုပ်နိုင်ရေးကိစ္စနှင့်



ပတ်သက်၍ ဂျပန်ကုမ္ပဏီများနှင့် စက်မှုဝန်ကြီးဌာနတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ လျှပ်စစ်စက်ဘီးထုတ်လုပ်ရန်လိုအပ်သည့် Market Survey ဆောင်ရွက်နိုင်ရေး၊ Pilot Production အနေဖြင့် လျှပ်စစ်စက်ဘီးများ လာရောက်ထုတ်လုပ်ရေးနှင့် ဒီဇိုင်းနှင့်နည်းပညာ လွှဲပြောင်းပေးရေးကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ ❑

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ပြည်ပကုမ္ပဏီများမှကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် POSCO Daewoo Myanmar Corporation Ltd. ၏ Managing Director Mr. Won Yoo-Joon ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် TTCL Public Co.,Ltd. ၏ President Mr. Hironobu Iriya ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့အား ဇန်နဝါရီလ ၁၁ ရက်နေ့၊ နံနက် ၉ နာရီနှင့် ၁၁ နာရီတို့တွင် ဝန်ကြီး၏ရုံးခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

POSCO Daewoo Myanmar Corporation Ltd. နှင့်တွေ့ဆုံစဉ် အမှတ် (၁) သံမဏိစက်ရုံ ( မြင်းခြံ) တွင် အကျိုးတူပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ မြန်မာနိုင်ငံ၏ Steel Industry ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာနယ်ပယ်မှ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော ဆွေးနွေးပွဲတစ်ရပ်ကျင်းပပြီး ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်နှင့် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး၊ SKD စနစ်ဖြင့် မော်တော်ယာဉ်များ ထုတ်လုပ်နိုင်မည့် Automobile Plant ထူထောင်နိုင်ရေးနှင့် မော်တော်ယာဉ်ထုတ်လုပ်မှုဆိုင်ရာ အခက်အခဲကိစ္စရပ်များကိုလည်းကောင်း၊ TTCL Public Co.,Ltd. နှင့်တွေ့ဆုံရာတွင် စက်မှုဇုန်များရှိစက်မှုလုပ်ငန်းအမျိုးမျိုးမှ ထွက်ရှိလာသောစွန့်ပစ်ရေများကို ပြန်လည်သန့်စင်ရန်အတွက် Central Waste Water Treatment Plant များ ပူးပေါင်းတည်ဆောက်နိုင်ရေး၊ စက်ရုံ/အလုပ်ရုံများ၏ ရေအရင်းအမြစ်သုံးစွဲမှုနှင့် ရေဆိုးစွန့်ထုတ်မှုတို့ကို အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်နိုင်မည့် Online Monitoring Control System များ တပ်ဆင်အသုံးပြုရာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ ❑

**စာမျက်နှာ ၃ မှ-**

Guide Line နှင့်ညီစေရန်အတွက် ခေတ်မီဆေးဝါးထုတ်လုပ်မှု အဆောက်အဦများ တည်ထောင်ပြီး လျာထားချက်ထက် ဆေးဝါးစက်ရုံ (အင်းစိန်) မှတိုးမြှင့်ထုတ်လုပ်လျက်ရှိသည်။ BPI အမှတ်တံဆိပ်ဖြင့် ဆေးဝါးများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုး ၅၀ ဘီလီယံကျပ် ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အရောင်းကိုယ်စားလှယ်များထံသို့ ရောင်းချဖြန့်ဖြူးပေးလျက်ရှိကာ အများပြည်သူများ လွယ်ကူစွာဝယ်ယူနိုင်ရန် City Mart ၊ Orange ၊ Capital စသော Super Market များ စုစုပေါင်း ၂၃ ဆိုင်တွင် ရောင်းချပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသော မြို့ကြီးများ၊ ပြည်နယ်နှင့်တိုင်း မြို့ကြီးများတွင်လည်း BPI ဆေးဝါးအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

၄င်းအပြင် BPI ဆေးဝါးများအား ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်နှင့်အညီ အတုအပမပြုလုပ်နိုင်ရန် ထုပ်ပိုးမှုဆိုင်ရာများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ ထုပ်ပိုးမှုပုံစံဖြစ်စေရေး၊ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များအား (EOI) ဖိတ်ခေါ်၍ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

***ဆေးဝါးစက်ရုံ (အင်းစိန်) မှ ထုတ်လုပ်သော မြွေဆိပ်ဖြေဆေးများကို ဒေသတွင်းနိုင်ငံများသို့ တင်ပို့ရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံသို့ ပထမအသုတ်အဖြစ် တင်ပို့ရောင်းချထားပြီးဖြစ်***ကြောင်း သိရှိရသည်။

**စာမျက်နှာ ၄ မှ-**

ထောင်စုဝန်ကြီးက စက်ရုံ၏ပြင်ဆင်ထိန်းသိမ်းမှုကို ဂရုပြုဆောင်ရွက်ထားရန်လိုကြောင်း၊ စွမ်းအားပြည့်လည်ပတ်နိုင်ရန်နှင့် ကုန်ကြမ်းလိုအပ်ချက်များကို ယခုမှပင် ကြိုတင်စီစဉ်ထားရန်မှာကြားသည်။

ညနေပိုင်းတွင် ***တောင်သာမြို့ရှိ အမှတ် (၁၀) အထည်စက်ရုံ***သို့ ရောက်ရှိစစ်ဆေးပြီး စက်ရုံရေရှည်ရပ်တည်နိုင်ရေးအတွက် ဈေးကွက်ဝင်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် လုပ်ငန်းအပ်နှံထားသည့် အထည်များကို အသုံးပြုသူများ၏လိုအပ်ချက်အတိုင်း အရည်အသွေးပြည့်မီစွာ ပြင်ဆင်ပြောင်းလဲထုတ်လုပ်ပေးနိုင်ရေး စီမံထားရှိရန်လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၃ မှ-**

ဆုရရှိသူများအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပြပွဲကျင်းပရေးဦးစီးကော်မတီဝင်များက ဆုများအသီးသီးချီးမြှင့်ခဲ့ကြသည်။

ယခုပြုလုပ်သည့် နည်းပညာပြပွဲမှာ (၄) ကြိမ်မြောက်ဖြစ်ပြီး ပြပွဲဖွင့်ပွဲအခမ်းအနားအား ဇန်နဝါရီလ ၂၆ ရက်နေ့က ပြုလုပ်ခဲ့ရာ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနိုင်လင်းမြင့်၊ စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်စန္ဒာထွန်း၊ Capital Automotive ( Ford Car ) Chairman ဦးခင်ထွန်း၊ General



**အစိုးရစက်မှုလက်မှုသိပ္ပံ (ချောက်) မှ ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။**

Manager Mr. David Stotter နှင့် Myanmar Promotional Services (MPS) Co.,Ltd. Managing Director ဒေါက်တာဇာနည်မောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

စက်မှုနည်းပညာပြပွဲအား ၃ ရက်ကြာ ပြသခဲ့ပြီး (၅) ကြိမ်မြောက် နိုင်ငံတကာစက်မှုနည်းပညာပြပွဲအား နေပြည်တော်တွင် ယခုနှစ်အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတော်၏အားပေးကူညီမှု၊ စက်မှုဝန်ကြီးဌာန၏ပံ့ပိုးကူညီမှုများဖြင့် စက်မှုနည်းပညာတီထွင်ဖန်တီးမှု စွမ်းရည်ပြိုင်ပွဲများကျင်းပလာခြင်းကြောင့် မျိုးဆက်သစ်လူငယ်များ၏ နည်းပညာတီထွင်ဆန်းသစ်လိုစိတ်၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ပိုင်တစ်နိုင်ပါဝင်ထမ်းရွက်လိုစိတ်၊ စွန့်ဦးတီထွင်လိုစိတ်များရှိလာပြီး မိမိကိုယ်ကို ယုံကြည်မှုရှိလာစေရန်နှင့် သတ္တိ၊ လုံ့လနှင့် ဇွဲ၊ ဝီရိယတို့ကို ပိုမိုမြှင့်တင်ပေးနိုင်ကြောင်း သိရသည်။ ❑

**စာမျက်နှာ ၂ မှ-**

Industry ( CII) မှ တာဝန်ယူကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံအစိုးရအဖွဲ့နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်အရာရှိကြီးများ၊ ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များ၊ ဘဏ်များနှင့်စီးပွားရေးလုပ်ငန်းရှင်များ စုံညီစွာတက်ရောက်ခဲ့ကြပြီး အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ဒေသတွင်းချိတ်ဆက်ဆောင်ရွက်မှု ( Regional Connectivity )၊ ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်နှင့် ချိတ်ဆက်ဆောင်ရွက်မှု ( Connectivity to Global Supply Chain ) တို့ ပိုမိုအားကောင်းလာစေရေး၊ ထုတ်လုပ်မှုနှင့်စိုက်ပျိုးမွေးမြူရေးကဏ္ဍဆိုင်ရာ ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

# စက်မှုဝန်ကြီးဌာန အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ဒိန်းမတ်နိုင်ငံသံရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး




စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးတို့ပူးပေါင်း၍ Responsible Business Fund မှတစ်ဆင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအတွက် အလုံးစုံစဉ်ဆက်မပြတ် စီးပွားရေးတိုးတက်မှုဖော်ဆောင်ရန်၊ ထုတ်လုပ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းတို့ကို မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် သဘောတူပူးပေါင်းဆောင်ရွက်ခြင်း လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၅ ရက်နေ့၊ နံနက် ၉ နာရီက ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅) သလ္လာဝတီလမ်း၊ ၇ မိုင်ရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် Secretariat အဖွဲ့ခေါင်းဆောင် Mr. Reddy က နှုတ်ခွန်းဆက်စကားပြောကြား၍ RBF နောက်ခံအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းနှင့် မြန်မာ

**စာမျက်နှာ ၈ သို့-**

# ဆေးဝါးများတိုးမြှင့်ထုတ်လုပ်ပေးနိုင်ရေး ဆွေးနွေးပွဲကျင်းပ



ပြည်သူများကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက် ဆေးဝါးများတိုးမြှင့်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၃ ရက်နေ့၊ နံနက်က အင်းစိန်မြို့နယ်၊ ကြို့ကုန်းရှိ ဆေးဝါးစက်ရုံ (အင်းစိန်) အစည်းအဝေးခန်းမတွင် ကျင်းပရာ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ***မြန်မာ့ဆေးဝါးလုပ်ငန်း၌ ဆေးဝါးစက်ရုံ (၂) ရုံရှိပြီး BPI အမှတ်တံဆိပ်ဖြင့် ဆေးဝါးများ ထုတ်လုပ်လျက်ရှိပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် ဆေးဝါး ၁၄၈ မျိုးအား တန်ဖိုး ၅၀ ဘီလီယံကျပ် ထုတ်လုပ်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ၃၂ ဘီလီယံကျပ်ဖိုးဝယ်ယူခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အရောင်းကိုယ်စားလှယ်များသို့ ၁၈ ဘီလီယံကျပ်ဖိုး ဖြန့်ဖြူးရောင်းချမည်ဖြစ်***ပါကြောင်း၊ ဆေးဝါးထုတ်လုပ်သူများအနေဖြင့် ဝယ်ယူသုံးစွဲသူများ၏ လိုအပ်ချက်ကိုသိမှသာလျှင် ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်မှာဖြစ်သည့်အတွက် အားနည်းချက်၊ အားသာချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးစေလိုပါကြောင်း၊ BPI ဆေးဝါးစက်ရုံမှ ထုတ်လုပ်နေသောဆေးဝါးများအနက် လက်ရှိကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သုံးစွဲခြင်းမရှိသော ဆေးဝါးများအား ပယ်ဖျက်ခြင်းဆောင်ရွက်နိုင်ရန်နှင့် ထပ်မံအသစ်တီထွင်ထုတ်လုပ်ရန် လိုအပ်သည့်ဆေးဝါးများကို ထုတ်လုပ်ပေးနိုင်ရန် သိရှိလိုပါကြောင်း၊ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ဆေးဝါးထုတ်လုပ်မှုများကို WHO GMP Guideline နှင့်ကိုက်ညီစေရန်အတွက် ခေတ်မီဆေးဝါးထုတ်လုပ်မှု အဆောက်အဦများတည်ထောင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ BPI ဆေးဝါးများအား ထုပ်ပိုးမှုဆိုင်ရာများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီထုပ်ပိုးမှုပုံစံ ဖြစ်စေရေးအတွက် ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များအား (EOI) ဖိတ်ခေါ်၍ ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးဝါးအရည်အသွေးပိုင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆေးဝါးတက္ကသိုလ်များနှင့်ပူးပေါင်း၍ BPI စက်ရုံမှထုတ်လုပ်သော ဆေးဝါးများအပေါ် သုတေသနပြုစမ်းသပ်နိုင်ရန် လိုအပ်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်နေသည့်အပြင် အရည်အသွေးဆိုင်ရာ အာမခံချက်ရရှိရန်အတွက် အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် ( Quality Management System ) ကိုတည်ဆောက်၍ နိုင်ငံတကာအသိအမှတ်ပြု (ISO-9001-2015 ) လက်မှတ်ရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက်ရောက်လာကြသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆရာဝန်ကြီးများအနေဖြင့် BPI စက်ရုံမှထုတ်လုပ်သော ဆေးဝါးများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာဝန်ကြီးများက BPI ဆေးဝါးများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးချက်များအပေါ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့်စက်ရုံမှူးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသော ဧည့်သည်တော်များနှင့်အတူ New BPI ရှိ ခေတ်မီဆေးဝါးသိုလှောင်ရုံ၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနနှင့် ခေတ်မီဆေးဝါးထုတ်လုပ်ရေးအဆောက်အဦတို့အား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။

# ကားများ လောင်စာဆီမှီခိုရခြင်း ကင်းဝေးကြဲစေဖို့




စိန်ထွန်း (ကမြိုင်)

မျက်နှာဖုံးမှ-

ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးစသည်တို့မှာ ကားများဟာ မရှိမဖြစ်၊ မသုံးမဖြစ်သုံးနေရတဲ့ယာဉ်တွေဖြစ်ပါတယ်။ ကမ္ဘာ့ဈေးကွက်မှာ ကားထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေ အပြိုင်အဆိုင်ထုတ်လုပ်နေကြသလို ကားသုံးစွဲသူတွေကလည်း အပြိုင်အဆိုင်ဝယ်ပြီး သုံးနေကြတာပါပဲ။ မြို့ကြီးပြကြီးတွေမှာ ကားတွေဟာ ထားစရာနေရာတောင်မရှိသလောက်ဖြစ်နေတယ်။ လမ်းတွေပေါ်မှာကားတွေကြပ်ညပ်ပြီး ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်တာ မြင်တွေ့နေရတယ်။ ဒါတွေကို မြင်ယောင်ကြည့်ရင် လူသားတို့နေထိုင်ရာ ဒီကမ္ဘာကြီးမှာ ကားတွေ ဘယ်လောက်ထူထပ်ပေါများနေသလဲဆိုတာ ခန့်မှန်းလို့ရပါပြီ။

ဒီကနေ့ လူတွေရဲ့လူနေမှုစရိုက်ပုံတွေကလည်း ကားမပါရင်မပြီးသလောက်ပါပဲ။ ကိုယ်ပိုင်ပဲဝယ်စီးစီး၊ အခကြေးငွေပေးပြီးပဲစီးစီး၊ ကားကတော့ စီးရမှာပဲ။ ကျောင်းသားတွေကြိုပို့လုပ်တဲ့ကား၊ ဘုရားဖူးသွားတဲ့ကား၊ သာရေးနာရေးကား၊ စက်ရုံသုံးကား၊ ရုံးသုံးကား၊ အိမ်သုံးကား စသဖြင့်ပြေးကြည့်ရင် ကုန်နိုင်ဖွယ်မရှိပါဘူး။

အတိုချုပ်ပြောရရင်တော့ လူတွေရဲ့နေထိုင်မှုစရိုက်ပုံစံတွေ တိုးတက်လာလေလေ ကားသုံးစွဲမှုတွေများလာလေလေပါပဲ။ ဒါကြောင့်လည်း တစ်ကမ္ဘာလုံးကိုခြုံကြည့်လိုက်ရင် ကမ္ဘာပေါ်မှာလူဦးရေတိုးသလောက် ကားစီးရေတိုးနေတယ်ဆိုရင် မှားမယ်မထင်ပါ။

အခုလို ကားတွေတိုးပွားများပြားလာတာဟာ အစစအရာရာအဆင်ပြေချောမွေ့စေနိုင်တာမို့ အားရကျေနပ်ဖွယ်ဖြစ်ပေမဲ့ နောက်ကကပ်ပါလာတဲ့ ပြဿနာကရှိနေပြန်ပါတယ်။ အဲဒီပြဿနာကတော့ လောင်စာဈေးနှုန်းမြင့်တက်လာမှုပါပဲ။ လောင်စာ Fuel ဟာ ကားတွေရဲ့အသက်သွေးလို့ ပြောလို့ရပါတယ်။ လောင်စာဟာ ကားတွေရဲ့အသက်သွေးလို့ပြောမယ်ဆိုရင် ကားတွေရဲ့အင်ဂျင်တွေဟာအသည်းနှလုံးလို့ပြောရပါမယ်။

ဒီနေရာမှာ ကားတွေရဲ့သဘောသဘာဝကို နည်းနည်းသုံးသပ်ကြည့်ချင်ပါတယ်။ ဒီကနေ့ ကားတွေကို မောင်းနှင်နေတဲ့အင်ဂျင်တွေဟာ အတွင်းမီးအင်ဂျင် Combustion Engine လို့ သတ်မှတ်ပြောဆိုကြပါတယ်။ အင်ဂျင်အတွင်းမှာ လောင်စာဆီမီးပေါက်ပြီး ထွက်လာတဲ့စွမ်းအင်နဲ့ စက်အစိတ်အပိုင်းတွေကို လှုပ်ရှားရတာဖြစ်လို့ အတွင်းမီးအင်ဂျင်လို့ အမည်တပ်ထားတာပဲလို့ထင်ပါတယ်။ အဲဒါကြောင့် ဒီကနေ့ကားတွေရဲ့ အသက်သွေးဟာ လောင်စာဆီဖြစ်ပြီး ကားတွေရဲ့အသဲနှလုံးဟာ အင်ဂျင်လို့သုံးသပ်မိတာပါ။ ဒီလိုနဲ့ပဲ ဒီကားတွေနဲ့သွားလာလှုပ်ရှားနေခဲ့ကြတာ နှစ်ပေါင်း ၁၅၀ ကျော်ပြီတဲ့။ ပညာရှင်တွေက ပြောတာပါ။

ဒီကားတွေနဲ့ ဒီလောင်စာဆီတွေ နှစ်စဉ် ဘယ်လောက်များထုတ်လုပ်ပြီး ဘယ်လောက်များသုံးဖြုန်းနေသလဲဆိုတာကို ကြည့်မြင်စေချင်ပါတယ်။ ကားထုတ်လုပ်မှုအရေအတွက် အတိအကျတော့ မပြောနိုင်ပါဘူး။ ဒါပေမဲ့ ၂၀၁၇ ခုနှစ် အရောင်းစံချိန်တင်ထားတဲ့ ဖောက်စ်ဝက်ဂွန်ကား (VW) ကိုပဲကြည့်ပြီး သုံးသပ်လို့ရနိုင်ပါတယ်။ အဲဒီနှစ်က ရောင်းချဖြန့်ချိခဲ့တဲ့ ကားအရေအတွက်ဟာ ၁၀. ၃ သန်းဖြစ်ပါသတဲ့။ တိုရိုတာထက် သာလွန်ပါသတဲ့။ ကမ္ဘာမှာ ကားထုတ်လုပ်ဖြန့်ချိနေတဲ့ ကုမ္ပဏီတွေဟာ VW, TOYOTA, FORD, DODGE, GM စသဖြင့် ထိပ်တန်းကုမ္ပဏီကြီးတွေ အများကြီးပါ။ အဲဒီကုမ္ပဏီကြီးတွေက ထုတ်လုပ်လိုက်တဲ့ အရေအတွက်ကို ပေါင်းလိုက်မယ်ဆိုရင် တစ်နှစ်ထုတ်လုပ်တဲ့ ကားစီးရေဟာ သန်းပေါင်းအများကြီးဖြစ်မှာပါ။

ကမ္ဘာ့လောင်စာသုံးစွဲမှုပမာဏကကော။ လောင်စာအရင်းအမြစ်ဖြစ်တဲ့ ရေနံကိုပဲကြည့်ပါ။ ယခုအခါ ကမ္ဘာ့ရေနံသုံးစွဲမှုပမာဏဟာ နေ့စဉ်ပျမ်းမျှရေနံစည် သန်းပေါင်း ၆၅ ကနေ ၈၅ လောက်ရှိတယ်လို့ ဆိုပါတယ်။ သန်း ၃၀၀ လောက်အထိ တိုးလာနိုင်သေးတယ်လို့ ဆိုပါတယ်။

စာရှုသူများခင်ဗျာ အထက်မှာ တင်ပြခဲ့တဲ့ အချင်းအရာတွေကတော့ ကားတွေထုတ်လုပ်မှုအရှိန်အဟုန်ကြီးမားနေတာ၊ လောင်စာသုံးစွဲမှုမြင့်တက်နေတာနဲ့ လောင်စာဆီဈေးနှုန်း ခုန်ပျံလှုပ်ခတ်သွားတာတွေပဲဖြစ်ပါတယ်။ (ရေနံဈေးနှုန်းဟာ တစ်စည် ဒေါ်လာ ၅၀ ကနေပြီး ၁၀၀ အထိ လှုပ်ခတ်သွားခဲ့တယ်လို့ ဆိုပါတယ်။)

အခု ဆက်လက်တင်ပြချင်တာကတော့ ဒီအခြေအနေတွေဟာ ကားလောကကြီးပြောင်းလဲဖို့ အချိုးအကွေ့တစ်ခုဆီ ဦးတည်နေတဲ့အကြောင်းပဲဖြစ်ပါတယ်။ အပြောင်းအလဲဆိုတာကတော့ ***ကားကုမ္ပဏီကြီးတွေဟာ ကားတွေကို သမားရိုးကျ Combustion အင်ဂျင်တွေနဲ့ တပ်ဆင်ထုတ်လုပ်နေရာက လျှပ်စစ်စွမ်းအင်နဲ့မောင်းတဲ့ လျှပ်စစ်ကားတွေကိုစတင်ပြီး ကြိုးပမ်းထုတ်လာခြင်းပဲဖြစ်ပါတယ်။ ဒီအပြောင်းအလဲဟာ ကားများလောင်စာဆီမှီခိုရခြင်း ကင်းဝေးစေဖို့ ခြေလှမ်းတစ်ရပ်***လို့မြင်နိုင်ပါတယ်။

ကားတွေကို လျှပ်စစ်ကားအဖြစ် အစပျိုးထုတ်လုပ်လာတာကတော့ ယခုလက်ရှိနာမည်ကြီး ကားကုမ္ပဏီကြီးတွေပဲဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုရှင်းလင်းတင်ပြချင်တာကတော့ ယခုထုတ်လုပ်လိုက်တဲ့ကားတွေဟာ လောင်စာစွမ်းအင်ရော၊ လျှပ်စစ်စွမ်းအင်ရော ၂ မျိုးလုံးကိုတွဲဖက်ပြီးသုံးရတာဖြစ်တဲ့အတွက် Hybird cars မျိုးစပ်ကားများလို့ပဲ သတ်မှတ်ပြီး ထုတ်လုပ်နေကြခြင်းဖြစ်ပါတယ်။

ဒီကားတွေရဲ့ ထုတ်လုပ်မှုအား၊ ရောင်းအားနဲ့ အောင်မြင်မှုအတိုင်းအတာများကိုလည်း ကြည့်ကြရအောင်ပါ။ တိုရိုတာကုမ္ပဏီက PRIUS အမည်နဲ့ ၁၉၉၇ ခုနှစ်က မျိုးစပ်ကားအစီး ၈၀၀,၀၀၀ ကမ္ဘာကိုဖြန့်ချိခဲ့ပါသတဲ့။ အမေရိကန်ကတော့ ၂၀၀၉ ခုနှစ်မှာ မျိုးစပ်ကား ၅၀၀,၀၀၀ ရောင်းချနိုင်အောင် ကြိုးပမ်းထုတ်လုပ်ခဲ့တယ်လို့ သိရပါတယ်။ အလားတူပါပဲ ကမ္ဘာတစ်ခွင်လုံးကို ကားဖြန့်ချိနေတဲ့နိုင်ငံအသီးသီးဟာ လျှပ်စစ်ကားထုတ်လုပ်မှုကို ယခုထက်တိုးတက်လာအောင် ကြိုးပမ်းနေကြတာဖြစ်တဲ့အတွက် ၂၀၃၀ ခုနှစ်လောက်ရောက်ရင် ဟိုက်ဘရစ်ကား Hybird car တွေဟာ ကမ္ဘာ့ကားဈေးကွက်မှာ ၂၆ ရာခိုင်နှုန်းထိ ပါဝင်လာလိမ့်မယ်လို့ ဆိုပါတယ်။

ခုလောက် ရှုမြင်ပြီးပြီဆိုရင်တော့ လျှပ်စစ်ကားများဟာ သမားရိုးကျလောင်စာဆီကားတွေကို လွှမ်းမိုးလာဖို့ ယုံကြည့်မျှော်လင့်ရလောက်ပြီလို့ ဆိုရမှာပါ။

မျှော်လင့်ရတယ်ဆိုပေမဲ့လို့ လောင်စာဆီသုံးကားတွေကနေပြီး လျှပ်စစ်ကားတွေ ပြောင်းလဲထုတ်လုပ်ဖို့ဆိုတာ နည်းပညာရှုထောင့်ကကြည့်မယ်ဆိုရင်တော့ လွယ်ကူလှတဲ့လုပ်ငန်းမဟုတ်ဘူးလို့လည်း ဆင်ခြင်တွေးတောမိပါတယ်။ ကားရဲ့အင်ဂျင်နေရာမှာ အစားထိုးရမယ့်စက်ကိရိယာအစိတ်အပိုင်းတွေကို ဘယ်လိုပြုပြင်ပြောင်းလဲကြမလဲဆိုတာ အသာထား။ လျှပ်စစ်စွမ်းအင်ကို လိုသလောက်ထိရောက်စွာသုံးနိုင်တဲ့ လျှပ်စစ်စွမ်းအင်ရအောင် ဘယ်လိုလုပ်ရမလဲကြံဆရတာတောင် မလွယ်ကူလှပါဘူး။

***လောင်စာဆီသုံးကားတွေရဲ့ အသည်းနှလုံးက အင်ဂျင်လို့ပြောရရင် လျှပ်စစ်ကားတွေရဲ့အသည်းနှလုံးကဘက်ထရီပါ။*** လျှပ်စစ်ကားတွေ အောင်မြင်ထိရောက်စွာအသုံးချနိုင်ဖို့ အဓိကတီထွင်ဆန်းသစ်ရမယ့်ကိစ္စကတော့ ကားမှာတပ်ဆင်မယ့် ဘက်ထရီတွေကို ကျေနပ်အားရလောက်အောင် စွမ်းအားမြှင့်တင်ရေးပဲဖြစ်ပါတယ်။

ယခုထုတ်လုပ်နေတဲ့ ***ဘက်ထရီကားတွေမှာသုံးတာ Solid Saato battery များဖြစ်ပါသတဲ့။ Lithium သတ္တုဒြပ်ပေါင်းကို အခြေခံကာ တည်ဆောက်ထားလို့ Lithium battery အမျိုးအစားဖြစ်***ပါသတဲ့။ ဘက်ထရီသစ်ထုတ်လုပ်ဖို့ကြိုးပမ်းနေတဲ့ကုမ္ပဏီကြီးတစ်ခုရဲ့ ပညာရှင် တစ်ဦးပြောကြားတာပါ။ ***လျှပ်စစ်ကားမှာသုံးတဲ့ ဘက်ထရီဟာ ဘေးအန္တရာယ်ကင်းရှင်းရမယ်။ နေရာကျဉ်းပြီး အင်အားကြီးရမယ်။*** ယခုအခါ သူတို့ကုမ္ပဏီဟာ ဒီလိုအပ်ချက်တွေနဲ့ပြည့်စုံတဲ့ ဘက်ထရီသစ်ဖြစ်လာအောင် ကြိုးပမ်းစူးစမ်းနေတယ်လို့လည်း ပြောပါတယ်။

ယခုအခါ ဟိုက်ဘရစ်မျိုးစပ်ကားတွေကို ဝယ်ပြီးသုံးနေတဲ့သူတွေလည်း သုံးနေကြပါပြီ။ ဒီတော့ကာ ဒီဟိုက်ဘရစ်ကားတွေကို မောင်းရတဲ့အခါမှာ ဘယ်လိုအခြေအနေတွေကို တွေ့ကြုံခံစားရပါသလဲ။ ဒါကိုလည်း သိလိုကြမှာပါ။ ကားသုံးသူများရဲ့ တုံ့ပြန်မှုဆိုပါတော့။

သုံးစွဲသူတစ်ဦးရဲ့ အတွေ့အကြုံနဲ့ခံစားရတာလေးတစ်ခု တင်ပြလိုပါတယ်။ အမေရိကန်စစ်ပြန်စစ်မှုထမ်းဟောင်းကြီးတစ်ဦးဖြစ်ပါတယ်။ အငြိမ်းစားယူပြီး ဗားဂျီးနီးယားနေအိမ်အပြန်မှာ ဇနီးမောင်နှံစီးဖို့ PRIUS ဟိုက်ဘရစ်ကားလေးတစ်စီး ဝယ်လာခဲ့ပါတယ်။ အဲဒီမှာ ဒီကားလေးကိုစီးကြည့်ရင်းနဲ့ ကားလေးကိုချစ်လာပြီး ၁၉၈၉ မော်ဒယ်ကားဟောင်းကြီးကို ချောင်ထိုးထားလိုက်ပါသတဲ့။ သူတို့သဘောကျသွားတာက နည်းပညာသစ်နဲ့ ဖန်တီးထားတဲ့ကားလေးကို မောင်းရတာဖြစ်ပါတယ်တဲ့။ အဲဒီနည်းပညာသစ်နဲ့ ဒီကားလေးကို မောင်းတဲ့အခါ ဖြည်းဖြည်းမောင်းချင်ရင် မော်တာနဲ့မောင်းရပြီး မြန်မြန်မောင်းချင်တဲ့အခါ အင်ဂျင်ကလေးနဲ့မောင်းရတာဖြစ်ပါသတဲ့။ သူသဘောကျတဲ့အထဲမှာ ဆီကုန်သက်သာတာလည်း ပါပါတယ်။

အခုပြောတဲ့ PRIUS ကားတွေက TOYOTA ဂျပန်ကထုတ်တာပါ။ အမေရိကန်ကလည်း ၂၀၂၀ ခုနှစ်မှာ လျှပ်စစ်ကားတွေ ဈေးကွက်တင်ရောင်းမယ်လို့ဆိုပါတယ်။ ကားမော်ဒယ်အမည်ကိုတော့ ROAD STAR လို့ အမည်ပေးထားပါတယ်။ တစ်ကြိမ်အားသွင်းထားရင် မိုင် ၆၂၀ ဆက်တိုက် မောင်းနှင်နိုင်မှာဖြစ်ပါတယ်။ ကားဈေးနှုန်းကတော့ ဒေါ်လာ ၂ သိန်းပါ။

တရုတ်ပြည်ဘက်ကို လှမ်းမျှော်ကြည့်လိုက်တဲ့အခါ ဟိုက်ဘရစ်ကားတွေဟာ တော်တော်လေးတွင်ကျယ်နေပြီဆိုတာ သိရပါတယ်။ ဘေကျင်းမှာ ဘတ်စ်ကားတွေကို ဟိုက်ဘရစ်ကားတွေစတင်ပြေးဆွဲနေပြီလို့ ဆိုပါ

စာမျက်နှာ ၈ သို့-

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# SME လုပ်ငန်းဆိုင်ရာ စာရင်းအချက်အလက်များ ထိန်းသိမ်းမည့် Software မိတ်ဆက်

အာဆီယံနိုင်ငံများတွင် အသုံးပြုလျက်ရှိသည့် အသေးစားနှင့်အလတ်စား ( SME ) လုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ ထည့်သွင်းဆောင်ရွက်နိုင်မည့် Xero Accounting Software ကို စတင်မိတ်ဆက်ခဲ့သည်။

Xero Accounting Software မိတ်ဆက်ပွဲကို ဇန်နဝါရီလ ၁၈ ရက်နေ့က ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ( ၇ ) ရပ်ကွက်၊ သလ္လာဝတီလမ်းရှိ SMEs Centre တွင် မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ Software သည် SME လုပ်ငန်းဆိုင်ရာ စာရင်းအင်းများကို အဓိကထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် Labtop နှင့် ကွန်ပျူတာများတွင်သာ အသုံးပြုနိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင်ဖုန်းများ၌ပါ ထည့်သွင်းအသုံးပြုနိုင်မည့် Application ထွက်ရှိမည်ဖြစ်ကြောင်း ယင်းမိတ်ဆက်ပွဲမှ သိရသည်။

'ဖုန်းနဲ့သုံးမယ်ဆိုရင် Website ကနေတစ်ဆင့်ဝင်မှ ရပါမယ်။ Application ကတော့ မထွက်သေးဘူး။ အင်တာနက်ရတဲ့ ဘယ်နေရာမဆို ဒီ Software ကို သုံးလို့ရပါတယ်' ဟု Hamsahub Consulting Company စာရင်းအင်းဌာနမှ ဒေါ်မိမိချိုကပြောကြားသည်။

Xero Accounting Software အသုံးပြုပါက စာရင်းအချက်အလက်များကို စာအုပ်များဖြင့်ထိန်းသိမ်းထားရန်မလိုဘဲ ယင်း Software တွင်ထည့်သွင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Software ကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် Hamsahub Consulting Company တို့ပူးပေါင်းမိတ်ဆက်ခြင်းဖြစ်ပြီး ယင်း Software ကို နယူးဇီလန်နိုင်ငံက အခြေပြုရေးဆွဲထားခြင်းဖြစ်ကာ Software အသုံးပြုလိုသည့် SME လုပ်ငန်းရှင်များအနေနှင့် တစ်လစမ်းသပ်သုံးစွဲခွင့်ရမည်ဖြစ်ကြောင်း၊ Software အသုံးပြုပုံအကြောင်းများကိုလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေါ်မိမိချိုက ပြောသည်။

# ကျွမ်းကျင်မှုအခြေပြု ကာလတိုစက်ပြင်သင်တန်းဆင်း

စက်မှုဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် { ADB/JFPR ( Japan Fund for Poverty Reduction ) } အထောက်အပံ့ဖြင့် ပဉ္စမအကြိမ်မြောက်ဖွင့်လှစ်သည့် Competency Based Modular Short Course ကျွမ်းကျင်မှုအခြေပြု ကာလတိုစက်ပြင်သင်တန်းများ၏ သင်တန်းဆင်းပွဲကို အမှတ် (၂) စက်မှုသင်တန်းကျောင်း ( မန္တလေး ) တွင် ဇန်နဝါရီလ ၁၉ ရက်နေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးကျော်စွာဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး ကျောင်းအုပ်ဦးခွန်ဆမ်က သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ စက်မှုဇုန်မှကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ နည်းပြများနှင့် သင်တန်းသား/သူများတက်ရောက်ကြပြီး ***အသေးစားစိုက်ပျိုးရေးသုံးအင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း*** တွင် သင်တန်းသား ၁၃ ဦးနှင့် ***မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း*** တွင် သင်တန်းသား ၁၃ ဦး၊ စုစုပေါင်း ၂၆ ဦး သင်တန်းဆင်းခဲ့ကြောင်း၊ သင်တန်းကာလမှာ (၁၄. ၁၁. ၂၀၁၇) ရက်နေ့မှ (၁၉. ၁. ၂၀၁၈) ရက်နေ့အထိ ၃ လကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရသည်။




**စာမျက်နှာ ၆ မှ-**

နိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး Mr.Peter Lysholt Hansen တို့က အမှာစကားများပြောကြားကြသည်။ ယင်းနောက် စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ဒိန်းမတ်နိုင်ငံသံရုံးတို့အကြား ပူးပေါင်းဆောင်ရွက်မှုပြုရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

Responsible Business Fund အနေဖြင့် မြန်မာနိုင်ငံတွင် တာဝန်ယူမှုအပြည့်ရှိသော စီးပွားရေးကျင့်ထုံးများတွင် ရင်းနှီးမြှုပ်နှံမှုပြုပြီး စီမံကိန်းများဖော်ဆောင်သွားရန်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက်ဖိတ်ခေါ်၍ RBF မှ ချမှတ်ခွင့်ပြုထားသည့် လုပ်ငန်းနယ်ပယ် (၇) ခုအနက် အနည်းဆုံးတစ်ခုခုနှင့် ကိုက်ညီမှုရှိသည့် စီမံကိန်းများဖော်ဆောင်နေသော စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေ ၁၂. ၅ ဘီလီယံ ထောက်ပံ့သွားမည်ဖြစ်ကာ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအကြား တာဝန်ယူမှုအပြည့်ရှိသည့် စီးပွားရေးကျင့်ထုံးများနှင့်ပတ်သက်၍ အသိပညာများတိုးမြင့်လာစေရန် ကူညီပေးလိုခြင်းဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ကြေးငွေ ရယူလိုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့်-

***(၁) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် ခွင့်ပြုထားသည့် နယ်ပယ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည့် စီမံကိန်းတစ်ခုကို တင်သွင်းရမည်။***

***(၂) လုပ်ငန်းများမှ တင်သွင်းလာသည့်စီမံကိန်းသည် ပြိုင်ဘက်လုပ်ငန်းများမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းမဖြစ်စေရ။***

***(၃) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားပြီး အမြဲတမ်းဝန်ထမ်း ၆၀၀ နှင့်အောက် (သို့) ရင်းနှီးမြှုပ်နှံငွေ မြန်မာကျပ်ငွေ ၁ ဘီလီယံအောက် ပေးသွင်းပြီးဖြစ်ရမည်။***

***(၄) လုပ်ငန်းသက်တမ်း အနည်းဆုံး ၂ နှစ်ရှိရမည်။***

***(၅) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသည် အရက်၊ လောင်းကစား၊ ဆေးရွက်ကြီး၊ လက်နက်များနှင့် နိုင်ငံတကာမှ အသိအမှတ်မပြုဘဲ ထုတ်ပယ်ထားသည့် လုပ်ငန်းများ လုပ်ကိုင်နေသူ မဖြစ်ရ။***

အထက်ပါအချက်အလက်များနှင့် ကိုက်ညီသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များသည် Application @rbfmyanmar.com သို့ အဆိုပြုလွှာများပေးပို့လျှောက်ထားနိုင်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၈ ၁၁၃၇၃၇၊ ၀၉-၉၇၉၃၂၇၇၄၄၊ ၀၉-၄၀၂၆၄၂၅၇၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**စာမျက်နှာ ၇ မှ-**

တယ်။ ယန်စီမြစ်ဆိပ်ကမ်းမြို့ကြီးဖြစ်တဲ့ Wuham ဘတ်စ်ကားတွေမှာ ဟိုက်ဘရစ်ကားတွေ အများဆုံးပြေးဆွဲနေတယ်လို့လည်း သိရပါတယ်။

စာရှုသူများခင်ဗျား ယခုရေးသားတင်ပြခဲ့တဲ့ အကြောင်းအရာတွေကတော့ ကမ္ဘာမှာကားတွေ သမားရိုးကျတွင်းထွက်လောင်စာဆီ သုံးနေရာကနေပြီး စွမ်းအင်အပြောင်းအလဲ လျှပ်စစ်ကားတွေထုတ်လုပ်ဖို့ အားထုတ်ကြိုးပမ်းနေကြပုံ အကြောင်းအရာများပဲဖြစ်ပါတယ်။

အပြောင်းအလဲဆိုတာက စက်မှုနည်းပညာတွေပါတယ်။ စီးပွားရေးစွန့်စားမှုတွေပါတယ်ဆိုတာ အထူးရှင်းပြစရာလိုမယ်မထင်ပါဘူး။ အထူးသဖြင့် ကားတွေမှာသမားရိုးကျရုပ်ကြွင်းလောင်စာသုံးတဲ့ အတွင်းမီးအင်ဂျင်တွေကို သုံးလာတာကြာခဲ့ပြီးမှ လျှပ်စစ်စွမ်းအင်သုံးပြီးမောင်းကြမယ်ဆိုတော့ စွမ်းအင်ပြောင်းလဲသလို စက်ပိုင်းဆိုင်ရာတွေပြောင်းလဲရမယ့် အင်ဂျင်နီယာပညာပိုင်းမှာလည်း အသစ်အဆန်းတွေ စူးစမ်းတီထွင်ကြရမှာကလည်း ပြောသလောက်လွယ်ကူလှတဲ့ လုပ်ငန်းမဟုတ်ဘူးဆိုတာ သိမြင်သဘောပေါက်ပြီးဖြစ်မှာပါ။ ဘာပဲဖြစ်ဖြစ် ဒီအပြောင်းအလဲဟာ စက်မှုနည်းပညာရပ်ရဲ့ ထူးခြားတဲ့အပြောင်းအလဲဖြစ်ပြီး ကားများလောင်စာဆီမှီခိုရခြင်းမှ ပြောင်းလဲခြင်းဖြစ်ပါတယ်။ နောက်ပြီးဒီကနေရလာမယ့်အကျိုးရလဒ်တစ်ခုလည်းရှိပါသေးတယ်။ အဲဒါကတော့ Greenhouse-gas ($Co_2$) emission မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်နေမှုကို နိုင်ငံတကာကဝိုင်းပြီး ထိန်းချုပ်ဖို့ကြိုးပမ်းနေချိန်မှာ အခုလိုစွမ်းအင်တစ်မျိုးပြောင်းခြင်းဟာ အများကြီးအထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်ရကြောင်းပါ။

## 'စက်မှုနှင့်သက်မွေးပညာရှေ့လျှားသင်တန်း' အမှတ်စဉ် (၆၀) သင်တန်းဖွင့်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့တွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရေး ရည်ရွယ်လျက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ လူငယ်ရေးရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) တို့ ပူးပေါင်းဖွင့်လှစ်သည့် 'စက်မှုနှင့်သက်မွေးပညာရှေ့လျှားသင်တန်း' အမှတ်စဉ် (၆၀) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီလ ၂၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ငါန်းဇွန်မြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီရုံးစုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီး ပါတီဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ နည်းပညာဖွံ့ဖြိုးရေး ဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်သန့်တို့က သင်တန်းဖွင့်အမှာ စကားများပြောကြားခဲ့ပြီး အခမ်းအနားသို့ ငါန်းဇွန်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းကျောင်းမှကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများ၊ သင်တန်းတက်ရောက်ကြမည့် သင်တန်းသား ၅၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ***'အခြေခံလျှပ်စစ်ဘာသာရပ်နှင့် သံဂဟေဆက်ဘာသာရပ်'*** များကို ဇန်နဝါရီလ ၂၂ ရက်နေ့မှ ဖေဖော်ဝါရီလ ၅ ရက်နေ့အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



## အထည်အလိပ်ဆိုင်ရာနည်းပညာသင်တန်းဖွင့်

အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအထည်အလိပ်လုပ်ငန်းရှင်များအသင်း Myanmar Textile Manufacturer's Association မှကြီးမှူးဖွင့်လှစ်သည့် အထည်အလိပ်ဆိုင်ရာနည်းပညာသင်တန်း အပတ်စဉ် (၁) သင်တန်းကို ဇန်နဝါရီလ ၂၄ ရက်နေ့၊ နံနက် ၁၀ နာရီက ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာနိုင်ငံချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်မျိုးဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး စက်မှုဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) စက်မှုတက္ကသိုလ် ဧည့်ပါမောက္ခ ဆရာကြီးဦးရဲမြင့်နှင့် စက်မှုဝန်ကြီးဌာန ရက်ကန်းကျောင်းအုပ်ကြီး (ငြိမ်း) ဦးအောင်ကြည်တို့က ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် နည်းပညာများ၊ ပြည်တွင်းပြည်ပအတွေ့အကြုံများ၊ လက်ရက်ကန်း၊ စက်ရက်ကန်းနှင့် ပတ်သက်သည့်ဘာသာရပ်များကို တက်ရောက်လာကြသည့် သင်တန်းသားများအား သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။



***နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို အမှတ် (၆) အထည်စက်ရုံ (ဆားလင်းကြီး) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲအလိုက်ဆုရရှိသူများအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်ပေးအပ်စဉ်။***

အဆိုပါသင်တန်းကို MTMA အသင်းရှိ CEC နှင့် EC အဖွဲ့ဝင်များအား အထည်အလိပ်ဆိုင်ရာနည်းပညာရပ်များ အသေးစိတ်သိရှိနိုင်ရန်နှင့်နိုင်ငံတကာ NGO, INGO အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သို့မှသာ အထည်အလိပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး Chain Management ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးတင်မျိုးဝင်းက ပြောကြားသည်။

အထည်အလိပ်ဆိုင်ရာနည်းပညာသင်တန်း အပတ်စဉ် (၁) သင်တန်းသို့ သင်တန်းသား/သင်တန်းသူ ၃၀ ဦး တက်ရောက်သင်ကြားခဲ့ကြပြီး ဇန်နဝါရီလ ၂၄ ရက်နေ့၊ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိသင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထွဏ်း**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

**အကြံပေး**
**ဦးသောင်းဦး**

**စာတည်းမှူးချုပ်**
**ဦးကျော်လှိုင်**

**ဒုတိယစာတည်းမှူးချုပ်**
**ဦးနိုင်ဇော်ဝင်း**

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
**ဦးဟိန်းမင်းဇော**

**စာမျက်နှာအပြင်အဆင်**
**ဒေါ်ခင်သီတာမိုး**

**ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး**
**ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး**

**ထုတ်ဝေသူ**
ဦးကျော်လှိုင်
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် - ၀၀၅၀၁

**ပုံနှိပ်သူ/ပုံနှိပ်တိုက်**
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
**ဓောင်ရေ** ၄၉၅၀

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း - ၀၆၇ - ၄၀၅၀၅၇
၀၁ - ၂၅၀၆၅၁

E-mail
beaconofindustry@gmail.com

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## မဟာပုဂံ



နေခြည်ဖြာကျ
စေတီပဏာရ ရွှေပြည်ဌာန
သာစွပုဂံ အညာနွေသည်
လေပြည်သန့်ရှင်း ပန်းနံ့သင်းကာ
သတင်းမဟာ ဂုဏ်သိက္ခာဖြင့်
ကမ္ဘာတစ်လွှား လွှမ်ထင်ရှားသည်
ရိုးသားတည်ကြည်မှုများဖြင့် ...။

မန္တပုဟာဘုရင်
မျိုးစဉ်ဘောင်ဆက် ထိုလက်ထက်မှ
ဆင်းသက်ထင်ပေါ် အနော်ရထာ
မင်းမြတ်မဟာ၏ သစ္စာဝန်းယှက်
မေတ္တာလက်ဖြင့် ပွေ့ဖက်စောင့်ရှောက်
ခေတ်တစ်လျှောက်၌ မိုးအောက်မြေယံ
ဤပုဂံသည် ဆန်ရေစပါး
ဆည်မြောင်းများအပြင် ဘုရားစေတီ
သံဃာသည်လည်း မရေတွက်နိုင်
ယနေ့တိုင်လျှင် မြို့ဆိုင်ခန့်ထည်ရှိနေပါ၏...။

ပရိုင်းမိတ်ဟု
ခပ်နှိပ်မည်တွင် သမိုင်းစဉ်၏
စတင်သတ်မှတ် သက်ရှိဓာတ်၌
ပြတ်ပြတ်သားသား ဂုဏ်ရှိထားသည့်
လူသားအစ မြန်မာကခေါ်
သတင်းတော်သည် အကျော်ဒေးယျ
ကမ္ဘာမကပင် စာဖွဲ့ထင်၍
စံတင်သတ်မှတ် ဤတိုင်းရပ်၏
မြတ်နိုးဖွယ်ရာ ပုဂံမဟာသည်
သာယာချမ်းမြေ့ လှပါသည်...။

ယင်းကြောင့်ပင်လျှင်
သန့်စင်မွန်မြတ် သစ္စာဓာတ်တို့
ရစ်ပတ်လွှမ်းခြုံ အေးချမ်းကုန်သော
ရဂုံတောတန်း မြစ်စိမ့်စမ်းနှင့်
ပန်းလည်းမွှေးမွှေး လယ်ဖွေးဖွေးနှင့်
သွေးလည်းညီတူ များပြည်သူနှင့်
ကြည်ဖြူရိုကျိုး ဂုပုထိုးနှင့်
မျိုးရိုးမြင့်ကုန် ဇာတိဂုဏ်နှင့်
ရိုးသားမာန်ပြည့် ဇွဲသတ္တိနှင့်
တည်ရှိ၍နေ ပုဂံမြေသည်
ကျက်သရေ မင်္ဂလာရှိပါဘိ ...။
ဘုန်းသမ္ဘာနှင့် ပြည့်ပါ၏ ...။

မြင့်မြတ်အောင်မြင်


## မန္တလေးတောင်တော်ဂေါပကအဖွဲ့ ငါးနှစ်သက်တမ်းအတွင်း ဘဏ္ဍာငွေကျပ် လေးဘီလီယံခန့်ရရှိ

မန္တလေးတောင်တော်ဂေါပကအဖွဲ့၏ ငါးနှစ်သက်တမ်းအတွင်း အလှူငွေနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများမှ ကျပ်ငွေ လေးဘီလီယံခန့်ရရှိကြောင်း၊ ရရှိသည့်အလှူငွေများအနက် ဘုရားစေတီများနှင့်သာသနိက အဆောက်အအုံများပြုပြင်ထိန်းသိမ်းမှုများအတွက် ကျပ်သိန်းရှစ်ထောင်ခန့်အသုံးပြုခဲ့ကြောင်း ဂေါပကဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။

ယင်းဘဏ္ဍာငွေရရှိမှုပမာဏသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ငါးနှစ်သက်တမ်းအတွင်းရရှိခြင်းဖြစ်ကာ ဘဏ်တွင်ကျပ်နှစ်ဘီလီယံခန့် စာရင်းသေအပ်နှံထား၍ တစ်လဘဏ်တိုးကျပ်သိန်း ၁၅၀ ရရှိရာ အဆိုပါငွေများဖြင့် တောင်တော်အတွက်လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ကြောင်း ၄င်းထံမှပင်သိရသည်။

လက်ရှိတွင် တောင်တော်ဂေါပကအဖွဲ့မှ မန္တလေးတောင်တက်လမ်းကို ဘုရားဖူးများ အဆင်ပြေစေရန် မြေထိန်းနံရံနှင့်ငါးပေတိုးချဲ့ခြင်း၊ ဓာတ်လှေကားအသစ်တစ်စီးတိုးချဲ့ခြင်း၊ ယာဉ်ရပ်နားစခန်းများတိုးချဲ့ခြင်းတို့ကိုဆောင်ရွက်နေကြောင်းသိရသည်။

**မျိုးလှိုင်ဝင်း**



## လူငယ်ပရဟိတဖွံ့ဖြိုးရေးကျောင်း တည်ထောင်ဖွင့်လှစ်

လူငယ်လူရွယ်များအား သက်မွေးဝမ်းကြောင်းပညာသင်ကြားပေးရန်နှင့် ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရည်ရွယ်ချက်ဖြင့် လူငယ်ပရဟိတဖွံ့ဖြိုးရေးကျောင်းကို ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သဲဖြူရွာရှိ မဟောသဓပဏ္ဍိတကျောင်းတိုက်ဝင်းရှိ သင်တန်းကျောင်းခန်းမတွင် ဇန်နဝါရီလ ၁၃ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။


အဆိုပါသင်တန်းကျောင်းကို အမေရိကန်နိုင်ငံရောက် ဆရာဝန်ကြီးများ၊ ပြည်တွင်းမှအလှူရှင်များ စုပေါင်းလှူဒါန်း၍ တည်ထောင်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်ပြုပြင်သင်တန်းမှစတင်၍ လူငယ်များကိုယ်ပိုင်ဘဝရပ်တည်စေနိုင်မည့် တစ်ပိုင်တစ်နိုင်သင်တန်းများကို စီစဉ်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံကျေးရွာများမှ သက်ကြီးရွယ်အိုများနှင့် အခြေခံလက်လုပ်လက်စားများအတွက် ကျန်းမာရေးအထောက်အကူပြုဆေးပေးခန်းကို တွဲဖက်ဖွင့်လှစ်ပေးလျက်ရှိရာ စေတနာရှင်များ၏လှူဒါန်းထောက်ပံ့မှုဖြင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း တာဝန်ခံဆရာဝန်ကြီး ဒေါက်တာစိန်မြင့်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု သီတဂူဓမ္မဝိဟာရကျောင်းတိုက် ကျောင်းထိုင် နာယက၊ ပြင်ဦးလွင်မြို့ သီတဂူဝေဇယန္တာကျောင်း Founder နာယက၊ မှော်ဘီမြို့နယ် မစိုးရိမ်ကျောင်းတိုက်နှင့် မဟောသဓပဏ္ဍိတကျောင်းတိုက်၏ဦးဆောင်ပဓာန နာယကဆရာတော် ဒေါက်တာ အရှင်ဩသဓသာရ၏ဩဝါဒမိန့်ကြားမှုအရ လူငယ်ပရဟိတဖွံ့ဖြိုးရေးကျောင်းကို တည်ထောင်ခြင်းဖြစ်ကြောင်းသိရှိရသည်။

**မင်းထွဏ်း**



# ' လောဘကိုထိန်း သောကငြိမ်း၏ '



✍ ဒေါက်တာရဲလင်းအောင် (ဓညဝတီ)

စာရေးသူတို့၏မြတ်ဗုဒ္ဓသည် ၄၅ ဝါ ကာလပတ်လုံးသတ္တဝါတို့၏အကျိုးစီးပွားအလို့ငှာ မဟာကရုဏာတော်မြတ်ဖြင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သော တရားဓမ္မတို့ကို လူအမျိုးမျိုးစိတ်သဘောအမျိုးမျိုးတို့ကိုလိုက်၍ နေ့မနားည မအား ဟောကြားတော်မူခဲ့ပါသည်။

ထိုသို့မြတ်ဗုဒ္ဓ၏တရားတော်များကို ကြားနာခွင့်ရကြသဖြင့် လွတ်လပ်ရေးအစစ်၊ ငြိမ်းချမ်းရေးအစစ်ဖြစ်သည့် နိဗ္ဗာန်ချမ်းသာမြတ်ကိုရကြသောလူ၊ နတ်၊ ဗြဟ္မာအပေါင်း မရေမတွက်နိုင်လောက်အောင် များပြားခဲ့လေပြီ။

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပင် ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သော ၎င်းတရားတော်များကို ကောင်းစွာလိုက်နာပြီး ကျင့်ကြံနေထိုင်မည်ဆိုလျှင် ကမ္ဘာပေါ်မှာစစ်မက်အေးငြိမ်း၏။ လူအပေါင်းတို့၏သဏ္ဍာန်မှာ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာနေထိုင်ကြရမည့်အပြင် လွတ်လပ်ရေးအဖြစ် ငြိမ်းချမ်းရေးအစစ်ဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်တို့ကို ရရှိကြမည်ကား မလွဲအမှန်ဖြစ်ပေတော့သည်။

ယခုအချိန်အခါ ကမ္ဘာ့လူသားတို့၏နှလုံးသားတွင် စစ်မှန်သောငြိမ်းချမ်းမှုတရားမရှိလေသောကြောင့် တစ်ဦးကိုတစ်ဦးကမနာလိုခြင်း၊ မုန်းတီးခြင်း၊ လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း သတ်ဖြတ်နှိပ်စက်ခြင်း၊ ပြည်တွင်းစစ်မှသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံစစ်ပွဲများဖြစ်ခြင်းစသော အပြင်မီးများတဟုန်းဟုန်းတောက်လောင်နေခြင်းမှာ အဓိက-

***၁။ လိုချင်တပ်မက်ခြင်းဟူသော လောဘတဏှာ***

***၂။ မိမိတို့၏အလိုဆန္ဒအတိုင်း မဖြစ်ရလျှင် မုန်းတီးခြင်း၊ အမျက်ထွက်ခြင်းဒေါသ***

***၃။ အနိစ္စ ( အမြဲမရှိခြင်း )၊ ဒုက္ခ ( ဆင်းရဲခြင်း )၊ အနတ္တ ( အစိုးမရခြင်း ) ဟူသောတရားအမှန်ကို မသိခြင်း မောဟတည်းဟူသော ဤအတွင်းမီးသုံးပါးသာလျှင် အရင်းခံဖြစ်သဖြင့် ၎င်းအတွင်းမီးမငြိမ်းနိုင်သမျှ အပြင်မီးသည်လည်း ဘယ်သောအခါမျှ ငြိမ်းချမ်းနိုင်လိမ့်မည်မဟုတ်ချေ။***

ဤသို့ငြိမ်းချမ်းရေးကိုလိုလားသဖြင့် ကမ္ဘာ့ကုလသမဂ္ဂအသင်းကြီးများဖွဲ့စည်းခြင်း၊ အာရှနိုင်ငံများ၌ မဟာမိတ်အသင်းများဖွဲ့စည်းခြင်း၊ ပြည်တွင်းပြည်ပစစ်ပြေငြိမ်းရေး၊ ညီညွတ်ရေးဆိုင်ရာအစည်းအဝေးများ၊ ညီလာခံများပြုလုပ်ပြီး လက်မှတ်ရေးထိုးခြင်း၊ ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံဆုတောင်းပွဲများပြုလုပ်ကျင်းပ၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စစ်မတိုက်တမ်း၊ ငြိမ်းချမ်းရေးမဟာမိတ်စာချုပ်များ စသည်ပြုလုပ်ကြခြင်းသည် အလွန်ကောင်းမွန်သော လုပ်ဆောင်ချက်များဖြစ်ကြလေသည်။

သို့ရာတွင် ထိုသို့ပြုလုပ်ကြခြင်းသည် အတွင်းခံမီးကိုမူ ငြိမ်းအောင်မသတ်နိုင်ဘဲ အပြင်မီးကိုသာ အားထုတ်သတ်နေခြင်းနှင့် တူလှပေသည်။ အနာတစ်ခုကို အမြစ်ပြတ်အောင် မကုသနိုင်ဘဲ အပေါ်ယံမျှကိုသာ လိမ်းဆေးတင်ပျောက်ကင်းမည်ဟု ထင်ရသောအနာသည် မကြာခင်ပြန်ထလာမည်မှာ မလွဲမသွေဖြစ်ကြပေလိမ့်မည်။

ဗုဒ္ဓတရားတော်လာ အပြင်မီး၏အရင်းခံဖြစ်သော လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အတွင်းမီးကိုငြိမ်းသတ်နိုင်သည်မှာ ဗုဒ္ဓဟောကြားတရားဓမ္မတည်းဟူသော ရေစင်ရေအေးတစ်ခုသာရှိလေသည်။ ယနေ့ကမ္ဘာ့လူသားများ၏ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းတည်းဟူသော အနာရောဂါများကို အရင်းအမြစ်ပါမကျန်အောင် အမြစ်ဖြတ်ပျောက်ကင်းနိုင်အောင် ကုသနိုင်သောဆေးသည်ကား မြတ်ဗုဒ္ဓ၏တရားဆေးတော်ကြီးပင်ဖြစ်လေတော့သည်။

ဤနေရာတွင် ဥပမာတစ်ခုအကြောင်းပြု၍ တင်ပြရသော် ရှေ့အခါက ဆင်းရဲသားတစ်ယောက်သည် မိမိတွင်ရှိသော ပေါက်တူးတစ်လက်ဖြင့် မြေကြီးကိုပေါက်ဆွကာ သီးနှံစိုက်ပျိုးရောင်းချ၍ အသက်မွေးလေ၏။ ထိုဆင်းရဲသားမှာ ပေါက်တူးမှတစ်ပါး အခြားဥစ္စာပစ္စည်းဟူ၍ တစ်စိုးတစ်စိမျှမရှိပေ။ ထို့ကြောင့် မိမိ၏အားကိုးရာဖြစ်သော ထိုပေါက်တူးကိုအလွန်မြတ်နိုးတန်ဖိုးထားလေသည်။

တစ်နေ့သော် ထိုသူဆင်းရဲသည် စဉ်းစားမိ၏။ ငါသည် ယခုကဲ့သို့ဆင်းရဲပင်ပန်းစွာနေ၍ အဘယ်အကျိုးရှိအံ့နည်း။ ရဟန်းပြုအံ့ဟုဆိုကာ မိမိပေါက်တူးကိုလုံခြုံသောနေရာ၌ သိမ်းထားကာ ရဟန်းပြုလေ၏။ မကြာမီပင် ထိုပေါက်တူးကိုတအောက်မေ့မေ့ဖြစ်လျက် လောဘကိုမဖြတ်နိုင်ရကား လူဝတ်လဲပြီး ပေါက်တူးဖြင့်မြေဆွကာ သီးနှံပင်များစိုက်ပျိုးရောင်းချ၍ စားသောက်နေပြန်၏။ မကြာမီတဖန် ရဟန်းပြုလေ၏။

ဤကဲ့သို့ ထွက်လိုက်ဝင်လိုက် ခြောက်ကြိမ်ပြုလုပ်ပြီးမှ ခုနစ်ကြိမ်မြောက်၍ ငါသည်ပေါက်တူးကိုအမှီပြု၍ ( ထွက်ချေ-ဝင်ချေ ) ဖြစ်ရလေ၏။ ဤပေါက်တူးကို အစဖျောက်စွန့်လွှတ်မှသာ သင့်လျော်လိမ့်မည်ဟုကြံစည်ကာ ကြီးစွာသောမြစ်ကမ်းတစ်ခုအလယ်သို့ရောက်အောင် ထိုပေါက်တူး၏အရိုးကိုကိုင်လျက် ဦးခေါင်းထက်၌ သုံးကြိမ်လှည့်ပတ်၍ မျက်စိမှိတ်ကာတအားကုန်လွှင့်ပစ်လိုက်လေပြီးမှ ငါအောင်ပြီ၊ ငါအောင်ပြီ၊ ငါအောင်ပြီဟူ၍ သုံးကြိမ်သုံးဖန်ကြွေးကြော်ဟစ်အော်လေတော့၏။

ထိုအချိန်၌ ပြည့်ရှင်မင်းတစ်ပါးသည် စစ်မြေပြင်မှစစ်အောင်မြင်လာခဲ့၍ ထိုမြစ်၌ဦးခေါင်းဆေးတန်ဆာဆင်ပြီး လာလတ်သည်တွင် ထိုသူဆင်းရဲ၏အော်ဟစ်သံကိုကြားလေရာ ထိုပေါက်တူးသမားသူဆင်းရဲအားခေါ်စေရန် စစ်သည်တစ်ဦးအား စေခိုင်းလေ၏။

'အသင်ယောကျ်ား၊ ငါသည်ကား စစ်မြေပြင်မှာရန်သူထောင်သောင်းကို ချေမှုန်းအောင်မြင်ခဲ့၍ အောင်မြင်ခြင်းဖြစ်လေ၏။ အသင်မူကား အဘယ်ကိုအောင်၍ အောင်ပြီဟုဆိုလေသနည်း' ဟုမေးလေ၏။ ထိုအခါတွင် သူဆင်းရဲမှ 'မြတ်သောမင်းကြီး စစ်မြေပြင်ကိုအထောင်အသောင်းအသိန်းပင်အောင်မြင်စေကာမူ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အတွင်းစိတ်ကိလေသာတို့ကို အောင်နိုင်ခြင်းမဟုတ်သဖြင့် မြတ်သောအောင်မြင်ခြင်းမျိုးမဟုတ်ချေ။

အကျွန်ုပ်မူကား ပေါက်တူး၌စွဲလမ်းသောလောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတဏှာစသည့်တွယ်တာခြင်းဆိုတဲ့ သမုဒ္ဒယသံယောဇဉ်ကြိုးကြီးကို ယနေ့အပြီးအပိုင်ရိတ်ဖြတ်ပယ်စွန့်နိုင်ခဲ့ပေပြီ။ အရှင်မင်းမြတ် ဤသို့အတွင်းစိတ်ရိုင်းစိတ်မိုက်ဆိုတဲ့ ကိလေသာအယုတ်တရားတို့ကို နှိမ်နင်းပယ်စွန့်နိုင်ခြင်းသည် အမှန်စင်စစ်အောင်မြင်ခြင်းဖြစ်ပြီး မြင့်မြတ်သောအောင်မြင်ခြင်းမျိုးမည်ပေသည်' ဟု လျှောက်တင်ပြောကြားလေသည်။


ထိုအခါ ပြည့်ရှင်မင်းကြီးသည်လည်း တရားကျ၍ပရိသတ်နှင့်တကွ တောထွက်ကာ သူတော်ကောင်းတရားများကို ကျင့်ကြံပွားများအားထုတ်လေတော့၏။ အနီးအနား၌ ခုနစ်ပြည်ထောင်သောမင်းတို့သည်လည်း ထိုသတင်းကိုကြားသိကြ၏။ သံဝေဂတရားများရရှိကာ တောထွက်၍သူတော်ကောင်းတရားမြတ်တို့ကို ကျင့်ကြံပွားများအားထုတ်နေလေတော့သည်။

အချုပ်အားဖြင့် ယခုလည်းပဲ မြတ်ဗုဒ္ဓ၏ဒေသနာတော်အတွင်း၌ ကြံ့တုန်းကြံ့ခိုက်မှာ ဗုဒ္ဓ၏ဟောညွှန်ပြသခဲ့သောတရားများကို လောကလူသားတိုင်း လေ့လာကျင့်ကြံအားထုတ်ကြမည်ဆိုလျှင် နောက်မကျသေးဘဲ မိမိတို့၏အတွင်းမီး၊ အပြင်မီးများကို အပြီးအပိုင်ငြိမ်းသတ်ကာ ထာဝရငြိမ်းချမ်းရေးအစစ်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကြီးဆီသို့ တက်လှမ်းနိုင်ကြပါစေဟူ၍ ဆန္ဒများစွာဖြင့် ရေးသားလိုက်ရပါသတည်း။


## ကြေးပိဋကတ်တိုက်တော် လှူဒါန်းနေပါပြီ

ကြေးပိဋကတ်တိုက်တော် အလှူရှင်ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နေ

ရဲမှူး အောင်နိုင်ဌေး



(မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မိုင်းဆတ်) +

ဒေါ်သန်းသန်းဦး၊သမီး စောနန်းနွယ်၊

မမိုးထက်နွယ် မိသားစု မှ

ကြေးပိဋကတ်တိုက် ဆောက်လုပ်ရန်

အတွက်ကြေးပိဋကတ်ဆရာတော်ထံ

အလှူတော်ငွေ (၅)သိန်းကျပ်

လာရောက် လှူဒါန်းပါသည်။

ဆက်သွယ်လှူဒါန်းရဌာန – မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းပေါ့ဖေ့ရွှေ)၊ ကြားတောရရပ်ကွက်၊ မဟာန်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ရန်ကုန်ယာဉ်အန္တရာယ်ကင်းရှင်းရေး တိုယိုတာကုမ္ပဏီမှ ကူညီဖြေရှင်းပေးမည်



ရန်ကုန်မြို့၏ လမ်းမများပေါ်တွင် ကားအစီးရေ များပြားလာခြင်းနှင့်အမျှ လမ်းကြောပိတ်ဆို့မှုအခြေအနေကလည်း တစ်နေ့တခြားဆိုးဝါးလာခဲ့ကြောင်းသိရသည်။ ကားဟောင်းများ တင်သွင်းခွင့်ပေးလိုက်သည့်နောက်ပိုင်း လမ်းကြောပိတ်ဆို့မှုအခြေအနေ ပိုမိုဆိုးရွားလာသည့်အတွက် ***တိုယိုတာမော်တော်ကားကုမ္ပဏီက လမ်းအန္တရာယ်ပညာပေးမှုများ စတင်ကူညီပေးသွားမည်***ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ကားကုမ္ပဏီကြီးဖြစ်သော တိုယိုတာသည် မြန်မာ့ကြက်ခြေနီအဖွဲ့၊ လမ်းလုံခြုံစိတ်ချရမှုဆိုင်ရာ နိုင်ငံတကာမိတ်ဆွေများအဖွဲ့တို့နှင့်အတူပူးပေါင်းပြီး ယခု ၂၀၁၈ ခုနှစ် ပထမနှစ်ဝက်တွင် ရန်ကုန်မြို့ရှိကျောင်းများတွင် စမ်းသပ်စီမံကိန်းကို စတင်သွားမည်ဖြစ်ကြောင်းသိရသည်။

***ကျောင်းများတစ်ဝိုက်က ယာဉ်အသွားအလာများကို လေ့လာမှုလုပ်မည်ဖြစ်ပြီး ယာဉ်မောင်းနှင်သူများနှင့် ကျောင်းသားငယ်များ မည်သို့ပုံစံနှင့်လမ်းဖြတ်ကူးရမည်ဆိုသော စီမံကိန်းကိုစတင်သွားမည်ဖြစ်ကြောင်း*** သိရသည်။

အဆိုပါစီမံကိန်းမှ ယာဉ်သွားလာမှုလမ်းကြောဆိုင်ရာ အချက်အလက်များကို ရယူမည်ဖြစ်ကြောင်း၊ ယင်းအဖွဲ့က မူလတန်းကျောင်းသား၊ ***ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် ပညာပေးစာစောင်များကိုပါ ထုတ်ဝေသွားမည်ဖြစ်ကြောင်းနှင့် ရေရှည်အတွက်လမ်းလုံခြုံရေးဆိုင်ရာ အသိရှိစေဖို့ မိဘအုပ်ထိန်းသူများကိုပါ လက်တွေ့သင်တန်းများပေးသွားမည်***ဖြစ်ကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင့်**

## ကတ်စနစ်သုံးလျှင် YBS ယာဉ်စီးခနှုန်း မပြောင်းလဲ

ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ ( YRTA ) မှ YBS ခရီးသည်တင်ယာဉ်များတွင် ယာဉ်စီးခနှုန်းငွေပေးချေရာ၌ ကတ်စနစ်အစားထိုးအသုံးပြုရန် စီစဉ်နေသော်လည်း ယာဉ်စီးခနှုန်းထားများပြောင်းလဲမည်မဟုတ်ဘဲ ယခုသတ်မှတ်ကောက်ခံသည့်စီးနင်းခနှုန်းထားအတိုင်းသာ ပေးချေရမည်ဖြစ်ကြောင်းသိရှိရသည်။



ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များတွင် ယခုလက်ရှိကောက်ခံနေသည့် ယာဉ်စီးခနှုန်းထားအတိုင်း ခရီးအကွာအဝေးပေါ်မူတည်၍ ကတ်အတွင်းမှငွေကိုဖြတ်တောက်သွားမည်ဖြစ်ပြီး ယာဉ်စီးနင်းခပေးချေသည့်စနစ်မှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ကတ်စနစ်သို့ပြောင်းလဲအသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။ YBS ယာဉ်များတွင် အသုံးပြုမည့်ကတ်စနစ်သည် သက်ဆိုင်ရာဘဏ်နှင့်ချိတ်ဆက်ထားသောစနစ်ဖြစ်ပြီး ယာဉ်လိုင်းကုမ္ပဏီမှ အလွယ်တကူထုတ်ယူအသုံးပြုနိုင်ရန် လုပ်ဆောင်ထားကြောင်းသိရသည်။

**ဂျိုကာ**

## မန္တလေးဆိုင်ကယ်ဈေးကွက်အေးပြီး ဈေးနှုန်းတည်ငြိမ် ဝန်ထမ်းပေါင်းစုံအသင်းနှင့် ကုမ္ပဏီများမှအရစ်ကျရောင်းချ

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် ၂၀၁၈ ခုနှစ်၊ နှစ်ဆန်းပိုင်းကာလ အရောင်းအဝယ်များအေးလျက်ရှိပြီး ဈေးနှုန်းတည်ငြိမ်နေသည်။ နောက်ဆုံးဝင်ရောက်သောမော်ဒယ်သစ်ဆိုင်ကယ်များ အရောင်းအဝယ်သွက်လျက်ရှိသည်။ အော်တိုဂီယာ၊ ကလစ်ဆိုင်ကယ်များ၊ Scoopy ဆိုင်ကယ်များ၊ Fion ဆိုင်ကယ်များ၊ အိန္ဒိယနိုင်ငံထုတ်အမျိုးသားစီး FZ ဆိုင်ကယ်များမှာ လူငယ်ကြိုက်အမျိုးအစားဖြစ်သောကြောင့် အရောင်းအဝယ်ကောင်းမွန်ကြောင်း မဟာအောင်မြေမြို့နယ် ၈၂ လမ်းနှင့် ၃၇ လမ်းထောင့်ရှိ ဆိုင်ကယ်ဈေးကွက်နှင့် ၅၉ လမ်းဆိုင်ကယ်ဈေးကွက်များမှ သိရသည်။




မန္တလေးမြို့သို့ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှဆိုင်ကယ်များဝင်ရောက်လျက်ရှိရာ ထိုင်းနိုင်ငံထုတ်အော်တိုဂီယာ Click ဆိုင်ကယ်များမှာ ငွေကျပ် ၂၂ သိန်းခန့်၊ ထိုင်းတစ်ပတ်ရစ် Click ဆိုင်ကယ်များမှာ ငွေကျပ် ၁၅ သိန်းခန့်၊ Scoopy အမျိုးအစား ဆိုင်ကယ်များမှာငွေကျပ် ၁၆ သိန်းခန့်၊ အိန္ဒိယဒလက် ၁၁၀ စီစီ အကြမ်းခံဆိုင်ကယ်များမှာငွေကျပ် ၉ သိန်းခန့်၊ တရုတ်နိုင်ငံထုတ် Click ဆိုင်ကယ်များမှာ ငွေကျပ် ၈ သိန်းခန့်၊ ၁၂၅ စီစီ ရုပ်ဆိုးဆိုင်ကယ်များမှာ ငွေကျပ် ၆ သိန်းခန့်၊ စီဇက်အိုင်ဆိုင်ကယ်များမှာ ငွေကျပ် ၄ သိန်းခွဲခန့်ရှိသည်။

တရုတ်နိုင်ငံနာမည်ကြီး လော့ဂျားဆိုင်ကယ်များလည်း ဈေးကွက်ဝင်ရောက်ပြီး ငွေကျပ် ၆ သိန်းခန့်ရှိသည်။ ဂျာလင်းဆိုင်ကယ်များလည်း ဈေးကွက်ဝင်ရောက်ပြီးကုမ္ပဏီများနှင့် မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့် လမ်း ၉၀ ထောင့်ရှိ မန္တလေးတိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်းတို့မှ တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံထုတ်ဆိုင်ကယ်များအား ၁၂ လအရစ်ကျစနစ်ဖြင့် ဝန်ထမ်းများနှင့်ပြည်သူများအား ရောင်းချပေးလျက်ရှိသည်။ ဂျပန်နိုင်ငံမှလည်း ယာမဟာအမျိုးအစား အမျိုးသားစီးဆိုင်ကယ်များ ဝင်ရောက်လျက်ရှိရာ ကျပ်သိန်း ၉၀ ဝန်းကျင်ရှိသည်။ **သီဟကိုကို (မန္တလေး)**

## စာမူနှင့်သတင်းများ ဖိတ်ခေါ်ပါသည်

စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာသတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာများနှင့်စက်ရုံနယ်မြေအလိုက် သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry@ gmail.com သို့လည်းကောင်း ပေးပို့နိုင်ကြောင်းဖိတ်ခေါ်အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန် ဖုန်းနှင့်လိပ်စာတို့ကို ဖော်ပြပေးပို့ သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။ **စက်မှုအလင်းဂျာနယ်**

စက်မှုအလင်းဂျာနယ်တွင် သတင်းနှင့်ကြော်ငြာများအား
၀၆၇-၄၀၅၀၅၇၊ ၀၆၇-၄၀၅၄၂၉၊ ၀၁-၂၅၀၆၅၁ သို့
ဆက်သွယ်ထည့်သွင်းနိုင်ပါသည်။

# ‘ ပြိုင်တူတွန်းလျှင် ရွှေ့နိုင်သည် ’



ကိုလူသစ်

ကျွန်တော်တို့အထည်စက်ရုံမှာ ဖြစ်သည်။ စက်ရုံမှူးက တစ်လတစ်ခါ ဒါဘာခေါ်သည်။ ***ဒါဘာဆိုသည်မှာ မိမိတို့စက်ရုံလုပ်ငန်းဆောင်တာများ၊ အခက်အခဲများကို ရာထူးကြီး၊ ရာထူးငယ် မျှဝေဆွေးနွေးကြခြင်းပင်ဖြစ်ပါသည်။*** စက်ရုံမှူးမှရှေ့လုပ်ငန်းစဉ် Plan များ ချပြပြောဆိုခြင်း၊ ပြီးခဲ့သည့်လ လုပ်ဆောင်မှုများထောက်ပြခြင်း၊ ဒီလပိတ်ဘယ်လောက်ထုတ်မည်၊ ချည်ကဘယ်လောက်ထုတ်မည်၊ စက်ပစ္စည်းများသုံးစွဲရာတွင်လည်း စနစ်တကျသုံးစွဲရန် ထုတ်လုပ်မှုလုပ်ငန်းစဉ်တိုင်း ဂရုစိုက်အလေးထား၍ တက်ကြွပျော်ရွှင်စွာ ပူးပေါင်းလုပ်ကိုင်ကြရန် စသည်ဖြင့်ဝန်ထမ်းများအား ချီးကျူးခြင်းနှင့်ပြုပြင်စေချင်လိုသောအချက်များလည်း ပါဝင်ခဲ့ပါသည်။ ထို့အပြင် ထုတ်လုပ်မှုအရှုံး/အမြတ်များလည်း ချပြရှင်းလင်းပေးခဲ့ပါသည်။

အောက်ခြေဝန်ထမ်းများကလည်း မိမိတို့အခက်အခဲများ၊ သွားလာနေထိုင်ရေး၊ လုပ်ငန်းခွင်သာယာရေးတို့ကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြပါသည်။ စက်ရုံမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိ လူကြီးမင်းများကလည်း မိမိတို့၏အောက်ခြေဝန်ထမ်းလေးများကို ညီရင်းအစ်ကိုသားသမီးများသဖွယ် ပြန်လည်ဆုံးမပြောဆိုပြီး မိမိတို့ဘက်ကလည်း လုပ်ပေးသင့်လုပ်ပေးထိုက်သည်များကို တတ်စွမ်းနိုင်သမျှ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့ကြပါသည်။ စက်ရုံမှူးကျင်းပပေးသောဒါဘာသည် စက်ရုံနှင့်စက်ရုံဝန်ထမ်းများအတွက် အနာဂတ်အလင်းတန်းပင်ဖြစ်ပေသည်။ အစည်းအဝေးခန်းမှာ မျက်နှာချင်းဆိုင်ထိုင်၊ သူ့သဘော ကိုယ့်သဘောတွေပြော၊ ဖြစ်သင့်တာ မဖြစ်သင့်တာတွေခွဲခြား၊ မသက်ာစရာသဘောမထားဘဲ အတူလက်တွဲလုပ်တော့မည်ပေါ့။ ဒီလိုဆို ဘာမအောင်မြင်စရာရှိလဲ။ တစ်ယောက်အားနည်းချက် တစ်ယောက်ထောက်လို့ ပြုပြင်လက်တွဲအောင်ပွဲတွေလည်း ချီခဲ့သည်မို့ ဒါဘာဆိုသည်မှာ အလွန်ကောင်းမွန်သည့်အစီအစဉ်ဖြစ်ပါသည်။

ယခုလည်း ဒါဘာမှာ ၂၀၁၈ ခုနှစ်၊ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အတွက် အားကစားပြိုင်ပွဲများ ကျင်းပချင်ပါသည်ဟု ဝန်ထမ်းများမှ တင်ပြကြသည်။ ၄င်းအားကစားပြိုင်ပွဲများတွင် အမျိုးသား၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ၊ အမျိုးသမီးအပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အမျိုးသားခေါင်းအုံးရိုက်ပြိုင်ပွဲတို့ပါဝင်သည်။ ထို့အပြင် မူကြိုဆရာမများကလည်း မိမိတို့ကျောင်းမူကြိုကလေးများအတွက် မုန့်စားပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲများ ပြုလုပ်ပေးစေချင်ပါသည်ဟု တောင်းဆိုလာပြန်ပါသည်။ စက်ရုံမှူးကလည်း တင်ပြသည်များကိုသုံးသပ်ပြီး မိမိစက်ရုံဝန်ထမ်းများ၏ တစ်နှစ်ပတ်လုံး လုပ်ငန်းခွင်မှာ စိတ်နှစ်နေကြရသည့်အတွက် ဝန်ထမ်းများကျန်းမာကြံ့ခိုင်စေရန်၊ စိတ်ဖိစီးမှုများ လျော့ကျသွားစေရန် ဝန်ထမ်းများတင်ပြတောင်းဆိုလာသော အားကစားပြိုင်ပွဲများအား ခွင့်ပြုပေးခဲ့သည်။ ထို့အပြင် စက်ရုံမှူးမှ ၄င်းပြိုင်ပွဲများနှင့်ပတ်သက်ပြီး လိုအပ်သည့်ပစ္စည်းများ Special ပံ့ပိုးပေးသွားမည့်အပြင် ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများမှ အားကစားပြိုင်ပွဲနှင့်ပတ်သက်ပြီး တာဝန်တွေခွဲဝေယူကြသည်။ စက်ရုံမှူးမှ ယခုချမှတ်တဲ့ အားကစားပြိုင်ပွဲကြီးအား ဝန်ထမ်းများအားလုံး စိတ်တူကိုယ်တူပျော်ရွှင်စွာ ကျင်းပနိုင်ကြပါစေကြောင်း နိဂုံးချုပ်ပြောကြားခဲ့သည်။ ကျွန်တော်တို့ဝန်ထမ်းအားလုံးလည်း ဒါဘာမှာချမှတ်သည့်အစီအစဉ်များကို ဝမ်းမြောက်စွာခံယူပြီး ကိုယ်စီတာဝန်ယူ စက်ရုံထုတ်လုပ်မှုလည်းမပျက် မခိုမကပ်ပြိုင်တူတွန်း လုပ်ဆောင်လိုက်ကြတာ လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ အားကစားပြိုင်ပွဲများအောင်မြင်စွာပြီးဆုံးသွားခဲ့ပါတော့သည်။ ပြိုင်ပွဲတစ်လျှောက်မှာတော့ သူ့ဌာန၊ ကိုယ့်ဌာနအားပြိုင်မှုများ၊ အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ကြံ့ခိုင်မှုများ၊ ညီညွတ်ခြင်းအင်အားစုများကို တွေ့ရှိခဲ့ရပါသည်။ ပျော်ရွှင်ကြည်နူးစရာကောင်းသလို ရွက်ပုန်းသီးအားကစားသမားကောင်းလေးများအချို့ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ အင်အားကောင်း၊ စိတ်ဓာတ်ကောင်းတဲ့ ဝန်ထမ်းကောင်းများလည်းတည်ရှိနေသည်ကို အထင်းသားတွေ့ခဲ့ရသည်။ ထို့ကြောင့် အစီအမံကောင်းကောင်းနဲ့ ဦးဆောင်မောင်းနှင်နိုင်ကြမည်ဆိုလျှင် လုပ်ဆောင်ရမည့် လုပ်ငန်းမှန်သမျှ မုချအောင်နိုင်ပါမည်။

အားကစားပြိုင်ပွဲများ များစွာကျင်းပပေးခဲ့ရာမှာ ကျွန်တော်သည် ဖူဆယ်အားကစားပြိုင်ပွဲကို အကြိုက်ဆုံးဖြစ်သည်။ ဖူဆယ်ဘောလုံးပွဲအတွက် ဖွဲ့စည်းခြင်း၊ ယှဉ်ပြိုင်ခြင်းကို ကြည့်ရှုခံစားရာမှ အသိတစ်ခုရရှိခဲ့သည်။ ပြိုင်ပွဲအတွက် ဘောလုံးအသင်းများဖွဲ့ကြပါပြီ။ သူ့ဌာန၊ ကိုယ့်ဌာန အနိုင်ရရေးအတွက် အားကစားသမားကောင်းများ ရွေးချယ်ဖွဲ့စည်းခြင်း၊ လက်ရင်းဌာနမဟုတ်ဘဲ အခြားဌာနမှ အားကစားသမားကောင်းများကိုလည်း ခေါ်ယူဖွဲ့စည်းကြပါသည်။ တချို့အဖွဲ့လေးတွေကတော့ အပျော်သက်သက်ဆိုပြီး ထွက်လာကြပါသည်။ အသင်းပေါင်း ၁၅ သင်း ရပါသည်။ ဘာပဲဖြစ်ဖြစ် အသင်းတိုင်းကတော့ ပုံစံအမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ဖူဆယ်ဘောလုံးပြိုင်ပွဲကြီးကို ဝင်ရောက်လာကြသည်။ နိုင်လိုစိတ်တော့ အသင်းတိုင်းမှာရှိကြသည်။ အနိုင်အရှုံးသည် သာမည၊ ယှဉ်ပြိုင်ခြင်းသာ အဓိကဖြစ်သည်။

ဘောလုံးပြိုင်ပွဲမှာ သရေ၊ အရှုံး၊ အနိုင်တော့ တွေ့ကြမည်။ သို့သော် ပြိုင်ပွဲ စဝင်ကတည်းက အပျော်တမ်းသက်သက် ဖရိုဖရဲဝင်လာသူများကတော့ မရှုမလှအရှုံးရပြီး စောစီးစွာ ပြိုင်ပွဲမှထွက်ကြရသည်။ ပွဲစဉ်တစ်လျှောက်မှာတော့ ဘောလုံးမကစားတတ်ကြလို့မဟုတ်ပေ။ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စည်းလုံးမှုအားနည်းလို့ရှုံးကြသည်ကို အများဆုံးတွေ့ခဲ့ရသည်။ ပြိုင်ပွဲအတွက်အစကတည်းက ကစားသမားကောင်းများ ရွေးချယ်ဖွဲ့စည်းထားသော်လည်း တစ်ကိုယ်ကောင်းသမားများ များနေသောကြောင့် ရေရှည်ထိနိုင်ပွဲမရခဲ့ကြပေ။ မိမိအသင်းသားများနှင့် အပေးအယူ ချိတ်ဆက်မှုတစ္စာ မကစားကြဘဲ တစ်ဦးတည်းလိမ်ခေါက်ကစား၍ ဂိုးသွင်းလိုကြသည်။ ဘောလုံးက ကိုယ့်စီရောက်လာပြီဆိုတာနှင့် ငါကွဆိုပြီး လိမ်ဖို့ လှည့်ဖို့ပဲ စဉ်းစားကြသည်။ တချို့လည်း ဘောလုံးရပြီးရောဆိုပြီး တစ်ဘက်လူ နာနာ၊ ကျိုးကျိုး၊ နီနီ၊ ဝါဝါ ကြမ်းတမ်းစွာကစားကြသည်။ အားကစားစိတ်ဓာတ်ဆိုတာတွေ မရှိတော့။ ထိုသို့ဆိုလျှင်တော့ ပထမဆုနှင့်လွဲ၊ မုချရှုံးကြမည်။

ကျွန်တော်တို့ ***ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်မည့်အရေး ပူးပေါင်းကာကွယ်ကြရမည်။ မိမိတစ်ဦးတည်းကြောင့် တစ်သင်းလုံးရှုံး သိက္ခာကျမည့်အရေးကို စဉ်းစားဆင်ခြင်ကြရမည်။ ကိုယ်အားသန်ရာ၊ သူအားသန်ရာ ပြိုင်တူယှဉ်တွဲစေတနာအပြည့်နဲ့ တာဝန်ကိုယ်စီထမ်းကြရမည်။ သူမနိုင်၊ ကိုယ်ကကူ ပေါင်းစုလို့ အားအင်ထူစေချင်ပါသည်။ သူ့အလုပ်၊ ကိုယ့်အလုပ် မဆိုင်သလိုစိတ်ထားတွေလျှော့၊ ကူညီနိုင်သမျှ ဝိုင်းဝန်းလုပ်ဆောင်စေချင်ပါသည်။ တာဝန်ထက်ပိုသည့် မွန်မြတ်သောစိတ်လေးတွေ အားလုံးကိုယ်စီ ကိန်းအောင်းနေစေချင်ပါသည်။*** ငါခွဲကိုလျှော့၍ အများကောင်းဖို့အတွက် အတူယှဉ်တွဲ ပူးပေါင်းလုပ်ကြရမည်။ တစ်ယောက်အားနှင့် ယူလို့တော့ရချင်မှ ရမည်။ သို့သော် တစ်သောင်းအားနှင့်ယူသော် ရနိုင်ပါသည်။ မိမိတစ်ဦးတည်း သက်သာချောင်ချိရေးအတွက်မကြည့်ဘဲ အများအတွက်ပါ စဉ်းစားလုပ်ဆောင်ရမည်။ ဘောလုံးသမားများ ရှေ့၊ နောက်၊ အလယ် မျှမျှတတ အပေးအယူကောင်း၊ အချိတ်အဆက်ကောင်း၊ စည်းလုံးမှုကောင်း၊ စိတ်ဓာတ်ကောင်းကောင်းနှင့်လုပ်ကြပါမှ ရေရှည်အောင်မြင်မှုကို အမြဲပိုင်ဆိုင်နေမည်ဖြစ်သည်။ အပေးအယူမျှတမှုမရှိဘဲ တစ်ဦးတည်းအလိမ်အခေါက် ကျွမ်းနေရုံနဲ့တော့ အနိုင်ဂိုးမသွင်းနိုင်။ ပွဲစဉ်တစ်လျှောက်လုံး မိမိတစ်ဦးတည်းက လိမ်ခေါက်ကစားနေလျှင် မုချတစ်သင်းလုံးရှုံးပေတော့မည်။ ဆွမ်းဆန်ထဲကြွက်ချေးရောဖြစ်တော့မည်ပေါ့။ ဒါငါနဲ့မဆိုင်ပါဘူး၊ ဒါလေးနဲ့ မပြောပလောက်ပါဘူး၊ ငါမလုပ်လည်း အချိန်တန်ပြီးသွားမှာပါပဲ၊ သူပိုင်လို့ သူလုပ်တာ၊ လုပ်ပလေ့စေပေါ့ဟု မဆိုင်သလိုတွေးနေခဲ့ကြသည်။

ကစားသမားကောင်းတွေနှင့်စုဖွဲ့ထားပေမယ့်လို့ နည်းပြမကောင်းပြန်လျှင်လည်း ပြည်ပန်းညိုချိုပါလျက် ဆားခတ်မှအရသာပျက်သည့် ကိန်းဆိုက်ပေတော့မည်။ ကစားသမား အင်အားကောင်းဖို့ အားပေးကောင်း၊ အစီအမံကောင်းတွေလည်း လိုပေသည်။ စုဖွဲ့မှုလုပ်ငန်းဖြစ်တာကြောင့် မခိုမကပ်၊ ညီညွတ်စွာချီတက်ကြရမည်။ ပြိုင်ပွဲတစ်လျှောက်မှာ အမှားတွေတော့ရှိမည်။ အမှန်ကို အချိန်မီ ပြင်ဆင်သွားဖို့တော့လိုပေသည်။ ထိုသို့အမှန်တွေ့နေပြီဆိုလျှင်တော့ အစုအဖွဲ့ရဲ့ မည်သည့်လုပ်ငန်းမဆို အချိန်ဆိုင်းဝေ့ဝိုက်မနေဘဲ အစီအမံကောင်း၊ ခေါင်းဆောင်ကောင်း၊ နောက်လိုက်ကောင်းတို့နှင့် မျှတညီညာစွာ ပြိုင်တူတွန်းလိုက်ကြပါ။ ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည်။

သာသည်၊ နာသည် သဘောမထားဘဲ တစ်ခရီးတည်းသွား၊ လူသားချင်းအတူ တူညီလက်တွဲ မြဲအောင်ဆွဲလျက် မှန်သောလမ်းကို မကြောက်တမ်းလျှောက်လှမ်း၊ ချစ်စိတ်၊ ကြင်နာစိတ်၊ သနားစိတ်အပြည့်ဖြင့် ငြိမ်းချမ်းသောလူသား ကမ္ဘာတည်ဆောက်နိုင်ကြပါစေ။

❑

# ဆင်ကူးကျေးရွာ၌ Exim Bank ချေးငွေပေးအပ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ သမဝါယမဦးစီးဌာနမှ CHINA Exim Bank ချေးငွေများကို အသင်းသားများသို့ နဝမအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ဇန်နဝါရီလ ၇ ရက်နေ့၊ နံနက် ၁၀ နာရီက မြောင်းမြမြို့နယ်၊ ဆင်ကူးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဦးဆုံး ပြန်လည်ထုတ်ချေးပေးခြင်း ဖြစ်ပါတယ်’ ဟု မြောင်းမြမြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းကပြောကြားခဲ့သည်။

‘ကျွန်တော်တို့ကျေးရွာအထိ အိမ်တိုင်ရာရောက် လာရောက်ငွေထုတ်ပေးတဲ့အတွက် မြို့တက်ရတဲ့ အချိန်ကုန်မှု၊ အခြားကုန်ကျစရိတ်တွေ အများကြီးသက်သာသွားတဲ့အရာရှိ ဒေါ်ကြည်ကြည်လှိုင်၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့က အမှာစကားများပြောကြားခဲ့ပြီး ဆင်ကူးကျေးရွာ တိမ်လွှာစိုက်ပျိုးရေးသမဝါယမအသင်း၊ ဆင်ကူးမွေးမြူရေးသမဝါယမအသင်း၊ တော်ဝင်သဇင်နှင့် ခရေမွေးမြူရေးသမဝါယမအသင်းသူ/အသင်းသားများအတွက် ကျပ်သိန်း ၄၅၀ ခန့်



‘မြောင်းမြမြို့နယ်အတွင်း သမဝါယမအသင်းပေါင်း ၃၃၄ သင်းရှိပြီး ချေးငွေစုစုပေါင်း သိန်းပေါင်း ၃၃,၈၀၀ ကျော် ထုတ်ချေးခဲ့ကာ ယခု ဆင်ကူးကျေးရွာက အစောဆုံးအကြေပြန်ပေးဆပ်နိုင်တဲ့အတွက် အရင်တွက် အထူးကျေးဇူးတင်ပါတယ်’ ဟု ဆင်ကူးမွေးမြူရေးအသင်းဥက္ကဋ္ဌ ဦးလှဌေးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ ချေးငွေပေးအပ်ပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးကို မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများက တစ်ဦးခြင်းစီ အိမ်တိုင်ရာရောက် ထုတ်ပေးခဲ့ကြောင်းသိရသည်။

**စန္ဒာမိုး**
**(မြောင်းမြခရိုင် ပြန်/ဆက်)**

# မွန်ပြည်နယ်ရှိ ရော်ဘာကုန်ကြမ်းစက်ရုံများအတွက် ချေးငွေထုတ်ချေးမည်

**ဝင်းမြင့်ဦး**

မွန်ပြည်နယ်ရှိ ရော်ဘာအဆင့်မြင့်ကုန်ကြမ်းစက်ရုံ ၂၈ ရုံအတွက် မွန်ပြည်နယ်အစိုးရ၏ ထောက်ခံမှုဖြင့် SME ချေးငွေ ကျပ်သိန်း ၃၈,၀၀၀ ကို ယခုဇန်နဝါရီလတွင် ထုတ်ချေးမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်၊ မွန်ပြည်နယ် ရော်ဘာလုပ်ငန်းတာဝန်ခံ ဦးစောအောင်မြင့်ခိုင်က ပြောကြားသည်။



ယင်းနှင့်ပတ်သက်ပြီး SME ချေးငွေရရှိရန်အတွက် မွန်ပြည်နယ်အစိုးရက ထောက်ခံချက်ပေးပြီးဖြစ်သဖြင့် မြို့နယ်အနေဖြင့် ကျိုက်မရောမြို့နယ်တွင် စက်ရုံ ၁၄ ရုံ၊ မုဒုံမြို့နယ်တွင် စက်ရုံ ၁ ရုံ၊ သံဖြူဇရပ်၊ ရေး၊ သထုံ၊ ပေါင်မြို့နယ်တို့မှ စက်ရုံ ၃ ရုံ စီပါဝင်ကြောင်း၊ ကျိုက်မရောမြို့နယ်တွင် တစ်နေ့ရော်ဘာပေါင် ၁,၀၀၀ ကျ စက်ရုံတို့ကို ချေးငွေအာမခံလက်မှတ် ( Credit Guarantee Insurance-CGI ) စနစ်ဖြင့် ကျပ်သိန်း ၂၀၀ ထုတ်ချေးရန် လိုအပ်သော စာရွက်စာတမ်းများ လုပ်ဆောင်နေကြောင်းသိရပြီး အဆင့်မြင့်ရော်ဘာကုန်ကြမ်းထုတ်ယူနိုင်ရန် ဖော်မင်အက်ဆစ်ပြောင်းလဲသုံးစွဲခြင်း၊ စက်ရုံတည်ဆောက်ရေးအတွက် SME ချေးငွေ ထုတ်ပေးခြင်းအပါအဝင် Standard Rubber Center တည်ထောင်ကာ နိုင်ငံတကာရော်ဘာပေါက်ဈေးအတိုင်း ခံစားရရှိရေးအတွက် မွန်ပြည်နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများက လုပ်ဆောင်နေကြောင်းသိရသည်။

# အမြန်ရထားလမ်းပိုင်းတွင်ပြေးဆွဲရန် တောင်ကိုရီးယားထုတ် ရထားတွဲဆိုင်း ၁၀၀ ဝယ်ယူရန်စီစဉ်



မြန်မာတစ်ပြည်လုံးတွင် အမြန်ရထား ၄၂ စင်း၊ ခရီးတိုရထား ၂၈ စင်း၊ စာပို့ရထား ၆၆ စင်း၊ လူစီးကုန်တင်ရထား ၆၄ စင်း၊ မြို့ပတ်ရထား ၉ စင်း၊ RBE ရထား ၉ စင်းနှင့် BRT ရထား ၂ စင်းရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှတ်တမ်းအရ သိရသည်။

**ဝင်းမြင့်ဦး**

တောင်ကိုရီးယားနိုင်ငံထုတ် ရထားတွဲဆိုင်း ၁၀၀ ကို ဝယ်ယူရန် စီစဉ်နေကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားထံမှ သိရှိရသည်။

အဆိုပါ ရထားတွဲဆိုင်းများကို အမြန်ရထားလမ်းပိုင်းတွင် ထည့်သွင်းပြေးဆွဲနိုင်ရန်အတွက် ဝယ်ယူရန်တောင်ကိုရီးယားနိုင်ငံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးယူမည်ဖြစ်ပြီး ချေးယူရေးလုပ်ငန်းအတွက် နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးပြီးဖြစ်သည်ဟု မြန်မာ့မီးရထား (အင်ဂျင်နီယာစီမံဌာန) မှတာဝန်ရှိသူကပြောသည်။

တွဲဆိုင်းများမှာ ၂၀၂၀ ပြည့်နှစ်တွင် ရောက်ရှိမည်ဖြစ်ပြီး တွဲဆိုင်းများရောက်ရှိလာပါက ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည် စသည့် လမ်းပိုင်းတွင် ထည့်သွင်းအသုံးပြုမည်ဖြစ်ကြောင်း ၄င်းကရှင်းပြသည်။



**ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ဘုရားချောင်းမြရတနာရပ်ကွက် လူမှုကူညီရေးအသင်းနှင့် ရပ်ကွက်ပြည်သူများစုပေါင်း၍ ဇန်နဝါရီလ ၇ ရက်နေ့က မြို့နယ်လူမှုကူညီရေးအသင်းတို့ မော်တော်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်စဉ်။ စန္ဒာမိုး (မြောင်းမြခရိုင် ပြန်/ဆက်)**

## မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ မီလီရေဒီယိုအစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ဖို့ စာမူဖိတ်ခေါ်

မြင့်မြတ်အောင်မြင်

မီလီရေဒီယို အစီအစဉ်သည် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ကစီစဉ်တင်ဆက်ပြီး မိတ်ဖက်အသံလွှင့်ဌာနများနှင့် ပူးပေါင်းထုတ်လွှင့်သော မသန်စွမ်းမှုဆိုင်ရာ အမြင်သစ်သဘောတရားများကို အသိပညာပေးသည့် ရေဒီယိုကဏ္ဍတစ်ရပ်ဖြစ်ကြောင်းသိရသည်။

မီလီရေဒီယိုကို အများပြည်သူအား မသန်စွမ်းမှုဆိုင်ရာ သိမှတ်ဖွယ်ရာများကို အသိပညာပေးရန်နှင့် အနုပညာစွမ်းအားများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မသန်စွမ်းသူပရိသတ်များအတွက် အခွင့်အလမ်းနှင့်သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ပြန်ကြားပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ ရေဒီယိုလိုင်းအစီအစဉ်များတွင် အသံအားဖြင့်ကူညီသရုပ်ဆောင်ပေးလိုကြသော မသန်စွမ်းသူများနှင့် မသန်စွမ်းသူစေတနာ့ဝန်ထမ်းများကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အားဖြင့်ကူညီပေးရန် လက်ကမ်းကြိုဆိုလျက်ရှိကြောင်း သိရသည်။ ထို့အပြင် မသန်စွမ်းမှုအသိပညာပေးကဏ္ဍသစ်များ၊ ဇာတ်လမ်းနှင့်ဆောင်းပါးများအား မေတ္တာဖြင့်ရေးသားပေးပို့လိုပါက ဝမ်းမြောက်စွာကြိုဆိုလျက်ရှိကြောင်းသိရသည်။

ပူးပေါင်းထုတ်လွှင့်ပေးလျက်ရှိသော မိတ်ဖက်အသံလွှင့်ဌာနများဖြစ်သည့် မြန်မာ့အသံ အသံလွှင့်ဌာန၊ FM Bagan အသံလွှင့်ဌာန၊ City FM အသံလွှင့်ဌာန၊ Shwe FM အသံလွှင့်ဌာန၊ Thazin FM အသံလွှင့်ဌာနတို့က မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဖျော်ဖြေရေးကဏ္ဍ၊ အင်တာဗျူး၊ ဇာတ်လမ်းတို၊ ဆွေးနွေးခန်း၊ ဆောင်းပါးနှင့်ရသစာပေများကို တင်ဆက်ပေးလျက်ရှိကြောင်းသိရသည်။


စာမူများပေးပို့မည်ဆိုပါက အကြောင်းအရာများသည် ဆယ်မိနစ်စာအတွင်းသာ ဖြစ်ရမည်ဖြစ်ပြီး ဆောင်းပါးများအနေဖြင့် A-4 စာမျက်နှာ ၄ မျက်နှာမှ ၆ မျက်နှာအတွင်းသာဖြစ်ကြောင်းနှင့် ပေးပို့လာသောအစီအစဉ်များကို ကိုယ်တိုင်ဖန်တီးထားခြင်းဖြစ်ကြောင်း ဝန်ခံကတိပြုချက်ပါဝင်ရမည်ဖြစ်သည်။

ထိုသို့ပေးပို့လာသော အစီအစဉ်များအား မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ စိစစ်ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းခံရသော အစီအစဉ်များအား အဖွဲ့မှပြန်လည်မေတ္တာတုံ့ပြန်ပေးသွားမည်ဖြစ်ပြီး ပေးပို့လိုသူများအနေဖြင့် အမည်ရင်း၊ ကလောင်အမည်၊ နေရပ်လိပ်စာ၊ မသန်စွမ်းသူဖြစ်ပါက မသန်စွမ်းမှုအမျိုးအစား၊ ဖုန်းနံပါတ် အစရှိသည်တို့နှင့်အတူ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

မီလီရေဒီယိုအစီအစဉ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ပါက မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ရုံး၊ အမှတ် (၁၇) သာယာအေးလမ်း ( ၃ ) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ( ရဲရန်အောင်မှတ်တိုင်အနီး )၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၉၇၆၄၁၇၆၅၂၊ email ဖြင့်ပေးပို့မည်ဆိုပါက Pyie-phyo88@gmail.com သို့ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

## အူရီဒူး၏ 4 G Plus ကွန်ရက်ဖြင့် မြို့နယ်ပေါင်း ၂၀၀ သို့ ဝန်ဆောင်မှုပေးအပ်နိုင်ပြီ

မြန်မာနိုင်ငံတွင် သာလွန်ကောင်းမွန်သော 4 G ကွန်ရက်ဖြင့် ပထမဦးဆုံးဝန်ဆောင်မှုစတင်ပေးအပ်ခဲ့သော ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်သည့် အူရီဒူးသည် ၎င်း၏ 4 G ကွန်ရက်ကို ဆက်လက်တိုးချဲ့ဖြန့်ကြက်ပေးလျက်ရှိရာ ယခုအခါတွင် မြို့နယ်ပေါင်း ၂၀၀ ၌ အောင်မြင်စွာဖြင့် ကွန်ရက်ဖြန့်ကြက်ပြီး ဝန်ဆောင်မှုပေးအပ်နိုင်ပြီဖြစ်ကြောင်း ဇန်နဝါရီလ ၁၈ ရက်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ Melia Hotel တွင်ပြုလုပ်သည့် စာနယ်ဇင်းမိတ်ဆက်ပွဲတွင် CEO ဖြစ်သူ Mr. Vikram Sinha က ပြောကြားသည်။




'အူရီဒူးရဲ့ဝန်ဆောင်မှုကို အသုံးပြုသူတွေအတွက် နေ့တိုင်းအသုံးပြုနိုင်အောင် မြန်နှုန်းမြင့်အင်တာနက်ရရှိနိုင်ဖို့ အခုလိုအချိန်တိုအတွင်းမှာ မြို့နယ်ပေါင်း ၂၀၀ ကျော်ကို 4 G ကွန်ရက် ဖြန့်ကြက်တိုးချဲ့ပေးနိုင်ခဲ့တာကြောင့် မြန်မာ့ဆက်သွယ်ရေးကဏ္ဍအတွက် အရေးပါလှတဲ့ဆက်သွယ်ရေးကွန်ရက်ပြောင်းလဲတိုးတက်စေရေး ကြိုးစားလုပ်ဆောင်နေကြပါတယ်။ အူရီဒူးဝန်ဆောင်မှု အသုံးပြုသူတွေအနေဖြင့် အကောင်းဆုံးသောအင်တာနက်ကို နှစ်သက်ပျော်ရွှင်စွာအသုံးပြုပြီး မိမိကိုယ်တိုင် အတွေ့အကြုံကောင်းတွေနှင့်အတူ အူရီဒူးရဲ့ အင်တာနက်ချိတ်ဆက်မှုနှုန်းဟာ ထူးခြားတယ်ဆိုတာ သိရှိစေလိုပါတယ်' ဟု ၎င်းကဆက်လက်ပြောဆိုသည်။

အူရီဒူးအနေဖြင့် သုံးစွဲသူများ၏ အသံကိုနားထောင်ပြီး တုံ့ပြန်ချက်ပေါ်မူတည်၍ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် စဉ်ဆက်မပြတ်တိုးတက်စေရန် ခံယူချက်ထားရှိပြီး ပိုမိုကောင်းမွန်သော အင်တာနက်ကွန်ရက်အား 10 MHZ လိုင်းနှုန်းစဉ်ဖြင့် 1800 MHZ ကြိမ်နှုန်းလိုင်းရရှိရန် ထပ်မံရင်းနှီးမြှုပ်နှံမှုကို မကြာမီကပြုလုပ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထွဏ်း**

## အပြည်ပြည်ဆိုင်ရာကျောက်မျက်ရတနာပြပွဲ (ရန်ကုန်) တွင် ပြည်တွင်းထုတ် Angel Eyes Brand မိတ်ဆက်

Lotee Hotel တွင်ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာကျောက်မျက်ရတနာပြပွဲ ( ရန်ကုန် ) တွင် ပြည်တွင်းထုတ် ကိုယ်ပိုင်ဒီဇိုင်းဖြစ်သည့် Angel Eyes Brand အမျိုးသမီးများ အလှဆင်နားဆွဲအားမိတ်ဆက်ပြသရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံ ကျောက်မျက်နှင့်အလှဆင်ရတနာအသင်း၊ တွဲဖက်စာရင်းစစ် ဒေါ်သီတာခိုင်က ပြောကြားသည်။



Angel Eyes Design ကို ကိုယ်ပိုင်အမှတ်တံဆိပ်အဖြစ် ထုတ်လုပ်ပြီး လူငယ်လူရွယ်တွေအချိန်မရွေးဝတ်ဆင်နိုင်အောင် စိတ်ကူးကြံဆခဲ့တာဖြစ်ပါတယ်။ ကျွန်မတို့ ကျောက်မျက်လောကမှာ ကမ္ဘာ့ဈေးကွက်ကို ဖောက်ထွက်နိုင်ဖို့ ကိုယ်ပိုင်ဒီဇိုင်းမရှိသေးတဲ့အတွက် ကြိုးစားခဲ့တာပါ။ ကျွန်မနဲ့အတူ သူငယ်ချင်းဖြစ်သူ မသက်နဲ့ခရီးအတူသွားရင်း ဒီအိုင်ဒီယာလေးကိုရခဲ့တာပါ။ စတင်ထုတ်လုပ်စဉ်က ပုလဲလုံးနဲ့အလှဆင်ပြီးထုတ်လုပ်ခဲ့ပါတယ်။ ပုလဲဆိုတာ ဘယ်တော့မှမရိုးတဲ့ရတနာဖြစ်သလို အမျိုးသမီးတိုင်းနဲ့ လိုက်ဖက်မှုရှိတဲ့ ရတနာဖြစ်တယ်။ ယခုနောက်ပိုင်း Customer တွေရဲ့တောင်းဆိုချက်အရ ဒုတ္တာတို့၊ ပယင်းတို့စတဲ့အခြားတွင်းထွက်ကျောက်မျက်ရတနာများနဲ့ ထုတ်လုပ်ခဲ့ပါတယ်။ နတ်သမီးမျက်လုံးနားဆွဲများအားလုံးက Hand Made များသာဖြစ်ပြီး တစ်ခုနှင့်တစ်ခု အမျိုးအစားညီမျှအောင် ဂရုတစိုက်ပုံဖော်ဖန်တီးထားပါတယ်ဟု ၎င်းကရှင်းလင်းပြောဆိုသည်။

အဆိုပါ Angel Eeys နတ်သမီးမျက်လုံးနားဆွဲများကို Diamond & Me Gems မှကိုယ်ပိုင်အမှတ်တံဆိပ်အဖြစ်မှတ်ပုံတင်၍ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပြီး ပြည်ပကျောက်မျက်ရတနာဈေးကွက်တွင် ခင်းကျင်းပြသရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မင်းထွဏ်း**

## ငါးဖမ်းလုပ်ငန်းများတွင်လုပ်ကိုင်ရန် ရခိုင်မြောက်ပိုင်းဒေသခံများ တောင်ပိုင်းသို့ စတင်ဝင်ရောက်လုပ်ကိုင်

ရခိုင်ပြည်နယ်တောင်ပိုင်းမြို့နယ်များတွင် ပွင့်လင်းရာသီရောက်လာသဖြင့် ငါးဖမ်းလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရန် မြောက်ပိုင်းဒေသခံများ စတင်ဝင်ရောက်နေပြီဖြစ်ကြောင်း ငါးဖမ်းလှေပိုင်ရှင်အချို့က ပြောသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ်များဖြစ်သော လယ်ယာလုပ်ငန်းအဓိကလုပ်ကိုင်နေသည့် ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တော၊ ပုဏ္ဏားကျွန်းစသည့် ဒေသခံများသည် ပွင့်လင်းရာသီတွင် ငါးဖမ်းလုပ်ငန်းများရှိရာ သံတွဲ၊ မြေပုံ၊ ဂွမြို့သို့ သွားရောက်အလုပ်လုပ်ကိုင် ငွေရှာကြောင်း၊ တစ်ရက်လျှင် ကျပ် ၅,၀၀၀ မှ ကျပ် ၁၀,၀၀၀ အထိရရှိကြောင်း သံတွဲမြို့နယ်၊ မောင်ရွှေလေးကျေးရွာ ငါးဖမ်းလုပ်ငန်းခွင်၌ လုပ်ကိုင်နေသူတစ်ဦးထံမှ သိရှိရသည်။

ငါးဖမ်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသူများသည် နှစ်စဉ်ထိုသို့ရွှေ့ပြောင်းလုပ်ကိုင်ကြပြီး ဧပြီလတွင် မိမိနေရပ်သို့ ပြန်ကာ လယ်ယာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လေ့ရှိကြောင်း သိရသည်။

**အောင်သာဝေ**



## မတ်လနှင့်ဧပြီလများတွင် လေပွေလှိုင်းနှင့်မုန်တိုင်းများကြောင့် မိုးရွာနိုင်သဖြင့် သတိပြုရန်လို

ငါးဖမ်းသမားများ၊ လယ်သမားများနှင့်ဆားလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လနှင့်ဧပြီလများတွင် လေပွေလှိုင်းနှင့်မုန်တိုင်းများကြောင့်မိုးရွာနိုင်သဖြင့် သတိပြုရန်လိုကြောင်း မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဦးချစ်ကျော်ကပြောသည်။

အဆိုပါမိုးသည် လေပွေလှိုင်းနှင့်အတူ ရွာသွန်းမည်ဖြစ်ကြောင်း၊ ဆောင်းကာလအတွင်း မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းအထိသာညအပူချိန်လျော့ပြီး အေးနိုင်ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက် ပိုမိုရွာသွန်းနိုင်ချေရှိသည်ဟု ခန့်မှန်းရကြောင်း ၎င်းကဆက်လက်ပြောသည်။

ထို့ပြင် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မတ်လနှင့်ဧပြီလများတွင် မိုးရွာသွန်းမည့်အခြေအနေသည် တနင်္သာရီတိုင်းမှအလယ်ပိုင်းဒေသ ( မကွေးတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းတောင်ပိုင်း ) မိုးရွာသွန်းနိုင်ပြီး ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းအရှေ့၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင်လည်း မိုးရွာသွန်းမှုများနိုင်ကြောင်း၊ ဖေဖော်ဝါရီလနှင့်မတ်လတွေမှာ မိုးရွာနိုင်စရာအကြောင်းသည် လေပွေအဆင့်ဖြင့် မရွာနိုင်ဘဲ မုန်တိုင်းငယ်များကြောင့်သာ မိုးရွာနိုင်ကြောင်း၊ ထို့ကြောင့် ပင်လယ်ပြင်မှ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ ဖေဖော်ဝါရီလနှင့်မတ်လများတွင် သတိထားရန်လိုကြောင်း ဦးချစ်ကျော်ကပြောသည်။

**ဟိန်းသူ**

## ကျားကောင်ရေတိုးပွားရေး မြန်မာအဖွဲ့ အိန္ဒိယတွင်လေ့လာ

မြန်မာ့သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ကျားကောင်ရေတိုးပွားရေးအတွက် နည်းနာယူနိုင်အောင် WII အိန္ဒိယတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့မှ သိပ္ပံပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးသည့်အပြင် ဟိမဝန္တာတောင်ခြေနားမှ Rajaji အိန္ဒိယကျားထိန်းသိမ်းရေးစခန်းကိုလည်း သွားရောက်လေ့လာခဲ့သည်။

စတုရန်းကီလို မီတာနှစ်သောင်းရှိပြီး ကမ္ဘာ့တစ်ခုတည်းသောအကျယ်ဝန်းဆုံး ဟူးကောင်းကျားထိန်းသိမ်းရေးစခန်းကို မြန်မာနိုင်ငံတွင် ဖွင့်ထားသော်လည်း ကျားကောင်ရေက ၃၀ ခန့်သာရှိကြောင်း၊ ကမ္ဘာ့ရည်မှန်းချက်နှင့်အညီ လာမည့် ၂၀၂၂ ခုနှစ်တွင် ကျားကောင်ရေနှစ်ဆတိုးပွားဖို့ အိန္ဒိယကျားထိန်းသိမ်းရေးလုပ်ငန်းကို သွားရောက်လေ့လာခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်စာရင်းအရ အိန္ဒိယနိုင်ငံတွင် ကျားကောင်ရေ ၂,၂၀၀ ကျော်ရှိသည့်အတွက် တစ်ကမ္ဘာလုံးရှိသောကောင်ရေ ၃,၀၀၀ ကျော်၏ ၆၀ ရာခိုင်နှုန်းခန့်ရှိသည်။

၂၀၀၆ ခုနှစ်က ကျားကောင်ရေ ၁,၄၀၀ ကျော်ရှိခဲ့ရာမှ အရေအတွက် မြင့်တက်သွားခြင်းလည်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယသစ်တောဌာနတာဝန်ရှိသူများသည် ဝန်ထမ်းများကိုစွမ်းရည်မြှင့်တင်ကြပြီး ကျားကောင်ရေကို သိပ္ပံနည်းကျကျ ခန့်မှန်းတွက်ချက်ရုံမက ကျားကောင်ရေတိုးပွားရေးအတွက် စောင့်ကြည့်ကြီးကြပ်ခဲ့သည်။ WII အိန္ဒိယတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့သည် နိုင်ငံလုံးဆိုင်ရာ ကျားထိန်းသိမ်းရေးအုပ်ချုပ်မှုအဖွဲ့နှင့် လွန်ခဲ့သော ၁၅ နှစ်ခန့်က စတင်ပူးပေါင်းပြီး ကျားကောင်ရေတိုးပွားဖို့ စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖူးပွင့်ခက်ဝေ**



## မန္တလေးမြို့တွင် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ၊ ပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပမည်

(၁၆) ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ၊ ပန်းမန်ပြပွဲပြိုင်ပွဲကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ်တွင် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အထိကျင်းပသွားမည်ဖြစ်သည်။



ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ၊ ပန်းမန်ပြပွဲပြိုင်ပွဲတွင် ပန်းအလှပြပြင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ ရာသီပန်းအလှပင်ပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ရွက်လှပင်ပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ ( ကတ်တလီးယား/စင်ဘီဒီးယမ်းပြိုင်ပွဲ )၊ ပြည်ပသစ်ခွ ( ဗန်ဒါပြိုင်ပွဲ )၊ နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ သက်ကြီးပုပင် ( ဘွန်ဆိုင်း ) ပြိုင်ပွဲ၊ အသီးပါသောအလှပင်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက်အထုပ်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက်အသီးပါပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက်ဥပြိုင်ပွဲ၊ သစ်သီးပြိုင်ပွဲ၊ ဟင်းသီးအသီးအလုံးလိုက်ပြိုင်ပွဲ၊ သစ်သီးဝလံအခိုင်လိုက် ပြိုင်ပွဲ၊ သစ်သီးဝလံဥပြိုင်ပွဲ၊ ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ၊ သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲများ ပါဝင် သည်။

ပြိုင်ပွဲအမျိုးအစားအလိုက်ဆုများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်များကို ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ်ကွပ်ကဲရေးရုံးသို့ ဖေဖော်ဝါရီလ ၉ ရက်နေ့၊ ညနေ ၄ နာရီ နောက်ဆုံးထား၍ ယှဉ်ပြိုင်ပေးပို့နိုင်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

# ဆောင်းရာသီမှာ ဖြစ်ပွားတတ်တဲ့ရောဂါများ

ဆောင်းရာသီမှာ ဖြစ်ပွားတတ်တဲ့ရောဂါတွေက အအေးမိနှာစေးရောဂါ၊ ချောင်းဆိုးအအေးပတ်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ဝက်သက်ရောဂါ၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ ရေကျောက်ရောဂါ၊ နမိုးနီးယားအဆုတ်ရောင်ရောဂါ၊ မျက်စိနာရောဂါစတဲ့ ကူးစက်ရောဂါနဲ့မကူးစက်နိုင်တဲ့ရောဂါ၊ အဝလွန်ခြင်း၊ အစာအဆိပ်သင့်ခြင်းစတဲ့ရောဂါတွေဖြစ်တယ်။

ကူးစက်ရောဂါတွေထဲက အအေးမိနှာစေးချောင်းဆိုးရောဂါအဖြစ်များကြပါတယ်။ ရုတ်တရက်ဗိုင်းရပ်စ်ဝင် ရောက်ခြင်း (AVI- Acute Viral Infection ) ကနေ ကူးစက်နိုင်တယ်။ လူလူချင်း ချောင်းဆိုးခြင်း၊ စကားကျယ်ကျယ်လောင်လောင်ပြောဆိုခြင်း၊ သီချင်းဆိုခြင်း၊ မော်တော်ကားတစ်စီးထဲ အတူတူစီးမိခြင်း၊ အဲယားကွန်းအခန်းထဲ အတူတူအလုပ်လုပ်မိခြင်းကနေ ကူးစက်တတ်တယ်။ ရုတ်တရက် ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ပါးစောင်များ နာလာခြင်း၊ ပါးစပ်ဟမရခြင်း၊ အရိုးအဆစ်များကိုက်ခဲခြင်း၊ နှာရည်ယိုခြင်းတို့ဖြစ်နိုင်တယ်။ ရုတ်တရက်ဗိုင်းရပ်စ်ဝင်ရောက်တဲ့ တုပ်ကွေးရောဂါအတွက် ကာကွယ်ဆေးရှိပါတယ်။ စရိတ်ကြီးမြင့်ပါတယ်။ နှစ်စဉ်ထိုးနှံသွားဖို့လိုပါတယ်။ ရောဂါမဖြစ်ခင် ကြိုတင်ကာကွယ်ဖို့အတွက် ချောင်းဆိုး၊ နှပ်ညှစ်ရင် လက်ကိုင်ပုဝါ၊ တစ်ရှူးအသုံးပြုကာ စနစ်တကျလျှော်ဖွပ် (သို့) စွန့်ပစ်သင့်ပါတယ်။ လူသူများတဲ့ ပွဲလမ်းသဘင်ရှောင်ရမယ်။ ရောဂါကူးစက်ရင် တစ်ပတ်ခန့်သီးခြားထားကုသပြီး ရောဂါသက်သာစေဖို့ အကိုက်အခဲဆေး၊ ပဋိဇီဝဆေး၊ ချောင်းဆိုးပျောက်ဆေးတွေ ပေးပြီးကုသသင့်ပါတယ်။ ကျောင်းနေအရွယ်များခွင့်ယူပြီး နေကောင်းမှကျောင်းတက်စေသင့်ပါတယ်။ လမ်းဘေးစပ်ဆေးတွေ မတိုက်သင့်ဘဲ ဆရာဝန်နဲ့ပြသကာ ဆေးကုသမှုခံယူသင့်တယ်။

**ဦးနှောက်အမြှေးရောင်** ***( Niesseia Minihigitis )*** ဟာ အသက်ရှူခြင်းနည်းနဲ့ ကူးစက်နိုင်ပါတယ်။ လူနေထူထပ်တဲ့ စာသင်ကျောင်း၊ ဘော်ဒါဆောင်၊ ဘားတိုက်တွေမှာ အစုလိုက်အပြုံလိုက်ဖြစ်တတ်ပါတယ်။ ရောဂါလက္ခဏာတွေက ဖျားခြင်း၊ ခေါင်းအလွန်ကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ကလေးသူငယ်များတက်ခြင်း၊ အရေပြားအကွက်များပေါ်ခြင်း၊ လည်ပင်းတောင့်တင်းခြင်းအထိဖြစ်ပြီး သေဆုံးနိုင်ပါတယ်။

ဘက်တီးရီးယား မန်နဂိုကော့ကပ် ( Miningococcus ) ကြောင့်ဖြစ်ကာ ရုတ်တရက်ဖြစ်ပွားတတ်တဲ့ ဘက်တီးရီးယားရောဂါဖြစ်တယ်။ ကလေးတွေကူးစက်လွယ်တာကြောင့် တစ်ယောက်ဖြစ်ပြီဆိုရင် သီးသန့်ထားဆေးကုသဖို့လိုပြီး ပင်နယ်ဆလင်၊ အမ်ပင် နီဆလင်၊ ကလိုရမ်ဖီနီကော၊ ဖလူရိုကွီနိုလင်၊ အဇစ်သလိုမိုင်ဆင်ဆေးဝါးနဲ့ အကိုက်အခဲဆေး၊ ချောင်းဆိုးပျောက်ဆေးများပေးပြီး ကုနိုင်ပါတယ်။ ကာကွယ်ဆေးရှိပြီး ကာကွယ်နိုင်ပါတယ်။

ဝက်သက်ရောဂါ ( Measle Virus) ဟာ ကလေးကာကွယ်ဆေးထဲမှာပါဝင်ပြီး ကာကွယ်ဆေးမထိုးလိုက်ခြင်း၊ ကာကွယ်ဆေးမအောင်မြင်ခြင်းတို့ကနေ အသက်ရှူလမ်းကြောင်းမှာ ဝင်ရောက်ကူးစက်နိုင်တယ်။ ရောဂါလက္ခဏာတွေက ဖျားပြီး



နှာရည်စီးကျခြင်း၊ မျက်စိများနီမြန်းလာခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ နှာချေခြင်း၊ အဖုအပိန့်များဖြစ်လာခြင်း၊ လေးရက်မြောက်မှာ ပထမနားနောက်လည်ပင်း၊ မျက်နှာနဲ့တစ်ကိုယ်လုံး အဖုအပိန့်ထွက်လာတယ်။ အဖုတွေက နီညိုရောင်ရှိပြီး တစ်ခုနဲ့တစ်ခုပေါင်းစပ်သွားတယ်။ အဖုတွေပျောက်သွားတဲ့အခါ အညိုရောင်အကွက်အဖြစ် အရေပြားမှာထင်ကျန်ရစ်တယ်။ တစ်ပတ်အတွင်း သူ့အလိုလိုပျောက်သွားတယ်။

**ဝက်သက်** ကာကွယ်ဆေးကို ကလေးဘဝကိုးလနဲ့တစ်နှစ်ခွဲအရွယ်တွေမှာ ထိုးနှံပေးတယ်။ ဝက်သက်ဖြစ်နေတဲ့လူနာကို သီးခြားခွဲထားကာ အသုံးအဆောင်တွေသီးသန့်ထားရမယ်။ နှာခေါင်းမှအကျိအချွဲတွေ ပန်းကန်ခွက်ယောက်၊ အဝတ်အစားနဲ့အသုံးအဆောင်မှာပေရင် ရေနွေးနဲ့ပြုတ်ကာ ပိုးသတ်ဆေးနဲ့စိမ်ပြီးမှ ဆပ်ပြာ၊ ရေတို့နဲ့သေချာဆေးကြော နေပူလှန်းသင့်ပါတယ်။ ဝက်သက်တစ်ခါဖြစ်ဖူးရင် တစ်သက်လုံးမဖြစ်နိုင်တော့ပါ။ ဝက်သက်ဖြစ်နေစဉ် ကျောင်းသွားခြင်း၊ အလုပ်ဆင်းခြင်း မလုပ်သင့်ပါ။ နေအိမ်မှာ အနားယူကာ ဆရာဝန်ညွှန်ကြားတဲ့ဆေးဝါးနဲ့ အာဟာရမှီဝဲသင့်ပါတယ်။

**ဆုံဆို့နာ** ( Diptheria ) နဲ့ ကြက်ညှာချောင်းဆိုး ( Purtiisis ) တို့ဟာ ကလေးဘဝကာကွယ်ဆေးတွေထဲမှာပါဝင်ပြီး ကလေးအသက် ၂ လ၊ ၄ လ၊ ၆ လမှာ ထိုးနှံတဲ့ဆေးငါးမျိုးပါကာကွယ်ဆေး ပင်တာဗဲလိတ် (Pantavalid) မှာပါဝင်တာကြောင့် ကာကွယ်ဆေးထိုးနှံပြီးရင် ကြောက်စရာမလိုဘူး။

ဆုံဆို့နာဟာ လူနာနဲ့တိုက်ရိုက်ထိတွေ့ခြင်း၊ ရောဂါသယ်ဆောင်နေသူနဲ့ တွေ့ထိကူးစက်ခြင်း၊ လူနာရဲ့အသုံးအဆောင်ပန်းကန်ခွက်ယောက်၊ အဝတ်အစားကတစ်ဆင့်ကူးစက်ကာ နွားနို့မှတစ်ဆင့်လည်း ကူးစက်နိုင်ပါတယ်။ ရောဂါလက္ခဏာတွေဟာ လည်ပင်းနာခြင်း၊ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ထိုင်းမှိုင်းခြင်း၊ လည်ချောင်းအတွင်း အမှေးဖြူများနဲ့ပိတ်ဆို့ခြင်း အသက်ရှူကျပ်ကာ သေဆုံးနိုင်တယ်။ ပိုးမှအဆိပ် ( Toxin ) က နှလုံးကြွက်သားကို တိုက်ခိုက်ပြီးသေနိုင်တယ်။ နွားနို့ကိုဆူအောင်ချက်ပြီးမှ သောက်သင့်ပါတယ်။ ပင်နယ်ဆလင်အုပ်စုဆေးများပေးခြင်း၊ အကိုက်အခဲဆေး၊ ချွဲပျော်ဆေးပေးပြီး ကုသနိုင်တယ်။


**ကြက်ညှာ** ချောင်းဆိုးရောဂါသည် အသက်ရှူလမ်းကြောင်းကကူးစက်ပြီး ကိုယ်ပူခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ ညအခါပိုဆိုးခြင်း၊ တစ်ပတ်ကြာရင် မရပ်မနားဆိုးကာ အိပ်မရဘဲ သေဆုံးတဲ့အထိဖြစ်နိုင်တယ်။ ချောင်းဆိုးလွန်းရင် မျက်စိ၊ နှာခေါင်း၊ နားကနေ သွေးထွက်နိုင်တယ်။ ချောင်းဆိုးနေတဲ့အထိ အိမ်မှာဆေးရုံမှာကုသသင့်ပါတယ်။ ကာကွယ်ဆေးရှိသလို ပင်နယ်ဆလင်ဆေးဝါးများက ရောဂါကိုတိုက်ဖျက်နိုင်ပါတယ်။ ၅ နှစ်အရွယ်ကျောင်းသားကို သုံးပတ်ထိ သီးခြားစောင့်ကြည့်ကုသပေးသင့်တယ်။ ရောဂါဖြစ်နေရင် ခွင့်ယူထားရမယ်။

**ရေကျောက်ရောဂါ** ( Chicken Pox) ဟာ အရွယ်မရွေးဖြစ်ပွားနိုင်ပြီး ဆောင်းရာသီမှာပိုဖြစ်တတ်တယ်။ လူနာနဲ့တိုက်ရိုက်အရေပြားချင်းထိရာမှ ကူးစက်နိုင်ပါတယ်။ ရောဂါလက္ခဏာတွေက တစ်ရက်ဖျားပြီး အဖုပေါ်ခြင်း၊ ကိုက်ခဲခြင်း၊ အားနည်းခြင်း၊ အဖုတွေအဖြစ်မှ အရည်ကြည်ဖုဖြစ်လာခြင်း၊ ဗိုက်မှာအဖုတွေထွက်ကာအဖုများ တစ်ဆုပ်စီမဟုတ်ဘဲ ရောပြွမ်းထွက်ခြင်း၊ အဖုများပုံသဏ္ဍာန်မဝိုင်းခြင်း၊ အရေပြားပေါ်မှာ ပေါ်နေခြင်းတို့ဖြစ်တယ်။ ကာကွယ်ဆေးမပေါ်သေးပါ။ ရောဂါဖြစ်သူကို သီးခြားခွဲကုသကာ အနာဖေးကွာတဲ့အထိ ကုသမှုခံယူသင့်တယ်။ ရောဂါဖြစ်သူရဲ့အရိအရွဲ၊ ပန်းကန်ခွက်ယောက်၊ အဝတ်အစားတွေကိုပြုတ်ပြီးမှ ဆေးကြောလျှော်ဖွပ်သင့်တယ်။ လူနာနောက်ဆုံးတွေ့တဲ့အချိန်သုံးပတ်အထိ ကူးစက်မှုရှိ/မရှိ စောင့်ကြည့်ရမည်။

**ဒေါက်တာလွင်သန့်**

## တာချီလိတ်၌ ဆေးဆိုးပန်းရိုက်လုပ်ငန်းများ အထောက်အပံ့ရမည်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ဒေသခံ ၂၀ ကျော်ကို ဒီဇင်ဘာလက ပထမဆုံးအကြိမ် အထည်ပန်းပုံရိုက်နှင့်ဆေးရေးပန်းချီ (ဆေးဆိုးပန်းရိုက်) သင်တန်းသင်ကြားပေးပြီး အဆိုပါလုပ်ငန်းလုပ်ကိုင်လိုသူများကို နည်းပညာနှင့်ငွေကြေးများကူညီပေးမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိ သည်။



အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် JICA တို့က ချေးငွေထုတ်ပေးဖို့ရှိကြောင်း ရှမ်းပြည်နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးသက်နိုင်ဦးက ပြောသည်။

တာချီလိတ်မြို့တွင် ပထမဆုံးဖွင့်လှစ်သည့် အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီ (ဆေးဆိုးပန်းရိုက်) သင်တန်းပြီးဆုံးသူများ တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ရန်အတွက် ဒေသခံလုပ်ငန်းရှင်များ၏ ကူညီထောက်ပံ့မှုရရှိရန်နှင့်ချေးငွေများရရှိရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ယင်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က ပြောသည်။

**စံမျိုးထက်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

မျက်နှာဖုံးမှ-



# မော်တော်ယာဉ်ထုတ်လုပ်သူများ လျှပ်စစ်ကားကဏ္ဍတွင် ဒေါ်လာဘီလီယံ ၉၀ ကျော် ရင်းနှီးမြှုပ်နှံ

ကိုနေ

ရိုက်တာသတင်းဌာန၏ စိစစ်လေ့လာချက်များအရ ***ဖို့ဒ်မော်တော်ကားကုမ္ပဏီသည် ဘတ္တရီများနှင့် လျှပ်စစ်ကားများအတွက် ရင်းနှီးမြှုပ်နှံမှု ၂ ဆတိုးရန်စီစဉ်လျက်ရှိရာ ယခုအခါကမ္ဘာ့လျှပ်စစ်ကားထုတ်လုပ်သူများ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ဘီလီယံဒေါ်လာ ၉၀ အထိရှိလာပြီး ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုများလည်း ထပ်မံတိုးပွားလာနေကြသည်။***

အဆိုပါ ရင်းနှီးမြှုပ်နှံမှုမှာ နှစ်စဉ်ထုတ်လုပ်နေသော မော်တော်ယာဉ်စုစုပေါင်းသန်း ၉၀ ၏ တစ်ရာခိုင်နှုန်းသာရှိသော လျှပ်စစ်မော်တော်ကားများအတွက်ဖြစ်ပြီး လျှပ်စစ်မော်တော်ကားလောကအား ကြီးစိုးထားလျက်ရှိသော တက်စ်လာ ( Tesla ) မော်တော်ကားကုမ္ပဏီမှာ ၂၀၁၇ ခုနှစ်တွင် ၎င်း၏လျှပ်စစ်ကားမော်ဒယ်သုံးမျိုးအတွက် ရောင်းအားမှာအစီးရေ တစ်သိန်းကျော်သာရှိသည်။

လာမည့် ၅ နှစ်တာကာလအတွင်း ကမ္ဘာ့ထိပ်တန်းမော်တော်ယာဉ်ထုတ်လုပ်သော ကုမ္ပဏီများသည် လျှပ်စစ်ကားများနှင့် ဟိုက်ဘရစ် ( Hybrid ) ကား မော်ဒယ်အသစ်များ ထုတ်လုပ်ရန်အတွက် အသင့်ပြင်နေကြသော်လည်း ထိုကားများအားလုံးကို ဘယ်သူဝယ်ယူမလဲဟူ၍ မေးခွန်းထုတ်စရာဖြစ်လာသည်။


ဒက်ထရွိုက်မြို့တွင် ကျင်းပသော မြောက်အမေရိက နိုင်ငံတကာကားပြပွဲတွင် ဖို့ဒ်မော်တော်ကားကုမ္ပဏီမှ လျှပ်စစ်ကားကဏ္ဍတွင် ၁၁ ဘီလီယံဒေါ်လာရင်းနှီးမြှုပ်နှံလိုက်ကြောင်း ကြေညာလိုက်ပြီး ကုမ္ပဏီမှအမှုဆောင်ဥက္ကဋ္ဌ Bill Ford Jr မှ 'ကျွန်ုပ်တို့အားလုံး လျှပ်စစ်ကားလောကအတွင်းဝင်ရောက်လာကြပြီဖြစ်ကြောင်းနှင့် တစ်ခုတည်းသောမေးခွန်းမှာ ဝယ်ယူသူများအဆင်သင့်ဖြစ်နေကြပါ့မလား' ဟု ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စု၏ အကြီးမားဆုံး မော်တော်ယာဉ်လက်လီရောင်းချသည့် ကုမ္ပဏီဖြစ်သော အော်တိုနေးရှင်း၏အမှုဆောင်ချုပ် Mike Jackson က ' Tesla မှာ အမှန်တကယ်ပြိုင်ဆိုင်မှုကို ရင်ဆိုင်နေရပြီး ၂၀၃၀ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ လျှပ်စစ်ကားများမှာ စုစုပေါင်းမော်တော်ယာဉ်အရေအတွက်၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအတွင်းရှိလာလိမ့်မည်ဟု မျှော်လင့်ကြောင်း' ပြောကြားခဲ့သည်။

***လျှပ်စစ်မော်တော်ကားများအတွက် ရင်းနှီးမြှုပ်နှံမှုများတွင် ယခု ထုတ်ပြန်ကြေညာခဲ့သည့်အချိန်အထိ အမေရိကန်ပြည်ထောင်စုတွင် ၁၉ ဘီလီယံ၊ တရုတ်တွင် ၂၁ ဘီလီယံနှင့်ဂျာမနီတွင် ၅၂ ဘီလီယံဒေါ်လာ အထိရှိလာပြီဖြစ်သည်။*** အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီရှိကားကုမ္ပဏီများမှ အမှုဆောင်အရာရှိများက ရင်းနှီးမြှုပ်နှံမှုများမှာ ၂၀၁၉ ခုနှစ်တွင် လျှပ်စစ်ကားများ အသုံးပြုမှုအရေအတွက်ကို ပိုမိုမြှင့်တင်ရန် ဥပဒေပြဌာန်းထားသော တရုတ်နိုင်ငံအတွက် ကြိုတင်ရည်ရွယ်လျာထားကြောင်း ပြောကြားခဲ့သည်။


အဓိကမော်တော်ယာဉ်ထုတ်လုပ်သူများသည် ဥရောပနှင့်ကာလီဖိုးနီးယားပြည်နယ်များရှိ လောင်စာများမှ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးအဖွဲ့အစည်းများ၏ ကန့်ကွက်ဆန့်ကျင်မှု ဖိအားများနှင့်ရင်ဆိုင်နေရသည့်အပြင် တက်စ်လာကုမ္ပဏီမှ ထုတ်လုပ်သော လျှပ်စစ် Sedan ကားများနှင့် SUV ကားများ၏ အောင်မြင်လူကြိုက်များမှုများကြောင့်လည်း အခက်အခဲများနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

ယခုအချိန်တွင် တက်စ်လာကုမ္ပဏီမှာ အထင်ရှားဆုံးကုမ္ပဏီဖြစ်သော်လည်း 'မကြာမီ မော်တော်ကားကုမ္ပဏီတိုင်းသည် တက်စ်လာကဲ့သို့ဖြစ်လာလိမ့်မည်' ဟု Daimler AG ကားကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် Dieter Zetche က တနင်္လာနေ့တွင် ကျင်းပသော ဒက်ထရွိုက်ကားပြပွဲတွင် သတင်းထောက်များအားပြောကြားခဲ့သည်။ Daimler AG ကားကုမ္ပဏီမှ အရွယ်အစားသေးငယ်သော Mini Commuter များမှစ၍ အရွယ်အစားကြီးမား၍ ဝန်ပိုမိုတင်ဆောင်နိုင်သော ထရပ်ကားများအထိ လျှပ်စစ်ကား ၁၀ မျိုးနှင့်ဟိုက်ဘရစ်ကားအမျိုးပေါင်း ၄၀ ကျော်ကို ထုတ်လုပ်ရန်အတွက် ဒေါ်လာ ၁၁. ၇ ဘီလီယံသုံးစွဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ 'လျှပ်စစ်မော်တော်ကားများကို ဝယ်လိုအားနှင့်အလျင်မီအောင် ထုတ်လုပ်ရမည်လား (သို့) နောက်ဆုံးတစ်ဦးတည်းကျန်ရှိနေသော ဝယ်ယူမည့်သူအားကားကုမ္ပဏီများက လိုက်လံရှာဖွေရမည်လားဆိုသည်ကို ဝယ်ယူမည့်သူများက အဆုံးအဖြတ်ပေးသွားလိမ့်မည်' ဟုလည်း Zetche က ပြောကြားခဲ့သည်။



EV Charging Station
ဩစတြီးယားနိုင်ငံ ( Vienna မြို့ )

လွန်ခဲ့သော ၇ နှစ်က စတင်ထုတ်လုပ်ခဲ့သော Nissan ကုမ္ပဏီ၏ တစ်မျိုးတည်းသော လျှပ်စစ်ကား Nissan Leaf မှာ ယခုအချိန်တွင် ကမ္ဘာ့အရောင်းရဆုံး လျှပ်စစ်ကားဖြစ်နေသော်လည်း မကြာမီတွင် ပြိုင်ဘက်အသစ်များ ပေါ်များလာမည်ဖြစ်သောကြောင့် ဈေးနှုန်းအတွက် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာဦးမည်ဖြစ်သည်။ Nissan ကုမ္ပဏီ၏ ကားများ စွမ်းဆောင်နိုင်မှုဆိုင်ရာအရာရှိချုပ် Jose Munoz က 'လူတိုင်းသည် ပြိုင်ဆိုင်မှုဖိအားများ ပြင်းထန်လာပါက အသုံးမချရသေးသော နည်းလမ်းသစ်များကို ရှာဖွေတွေ့ရှိလာလိမ့်မည်' ဟု ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။



မြောက်အမေရိက တိုယိုတာကားကုမ္ပဏီမှ အမှုဆောင်ချုပ် Jim Lentz က 'တိုယိုတာမှာ စုစုပေါင်းလျှပ်စစ်ကားဈေးကွက်ဝေစု၏ ၃ ရာခိုင်နှုန်းကို ရရှိရန်အတွက် ၁၈ နှစ်အချိန်ယူခဲ့ရကြောင်း၊ ဟိုက်ဘရစ်ကားများမှာ အားသွင်းစနစ်အသစ်မလိုအပ်ခြင်းကြောင့် ကုန်ကျစရိတ်သက်သာပြီး လျှပ်စစ်ဘတ္တရီကားများကဲ့သို့ အကွာအဝေးကန့်သတ်ထားခြင်း အခက်အခဲများမရှိကြောင်းနှင့် တိုယိုတာ၏လျှပ်စစ်ဘတ္တရီကားများမှာ ဈေးကွက်ဝေစု၏ ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ရရှိရန်အတွက် အချိန်ကြာမြင့်ဦးမည်ဖြစ်ကြောင်း' ပြောကြားခဲ့သည်။

ဖောက်စ်ဝက်ဂွန်ကုမ္ပဏီမှ အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုအဖြစ် 300+ မော်ဒယ်လျှပ်စစ်ကားအတွက် ဘီလီယံဒေါ်လာ ၄၀ ကို ၂၀၃၀ ခုနှစ်အထိ သုံးစွဲရန်လျာထားသည်။



အမေရိကန်ပြည်ထောင်စု GM ကားကုမ္ပဏီမှ ၂၀၂၃ ခုနှစ်အထိ ဘတ္တရီနှင့် လောင်စာဆဲလ်သုံးလျှပ်စစ်ကားအမျိုးပေါင်း ၂၀ ကျော်ကို ထုတ်လုပ်ရန်လျာထားပြီး အများစု

**စာမျက်နှာ ၁၉ သို့-**

# စက်မှုသင်တန်းကျောင်း ( ဆင်တဲ ) ကျောင်းသားဟောင်းများ နှစ်ပတ်လည်စည်းဝေး၊ ပညာချွန်ဆု ချီးမြှင့်

အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) ကျောင်းသားဟောင်းများ၏ ကျန်းမာကူအသင်းမှ ဦးဆောင်၍ (၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၈ ရက်နေ့၊ နံနက်က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ M3 စားသောက်ဆိုင်တွင် ကျင်းပခဲ့သည်။



အခမ်းအနားတွင် ကျန်းမာကူအသင်းဥက္ကဋ္ဌ ဦးရဲထွန်း၊ အမှုဆောင် ဦးထွန်းထွန်းလတ်နှင့် ဘဏ္ဍာရေးမှူး ဦးထွန်းအောင်ကျော်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး အမှုဆောင်အဖွဲ့၏အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားဟောင်းများ၏သားသမီး ၃၄ ဦးအား အသင်းမှတာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သန်းဦးလှိုင်**

**စာမျက်နှာ ၁၈ မှ-**

မှာ ၂၀၂၁ ခုနှစ်တွင် စတင်ထုတ်လုပ်မည့်ယာဉ်အစိတ်အပိုင်းများကို တစ်ခုချင်းဖြုတ်နိုင်တပ်နိုင်သော ပုံစံသစ်အပေါ်အခြေခံ၍ တည်ဆောက်သွားမည်ဖြစ်သည်။

GM အမှုဆောင်ချုပ် Mary Barra က လျှပ်စစ်ကားထုတ်လုပ်မှုကဏ္ဍအတွက် မည်မျှသုံးစွဲမည်ကို မပြောကြားခဲ့သော်လည်း GM Cadillac ဥက္ကဋ္ဌ John de Nysschen က လျှပ်စစ်ကားအများစုကို တရုတ်နိုင်ငံတွင် ထုတ်လုပ်ရန်အတွက် အကြီးအကျယ်ရင်းနှီးမြှုပ်နှံမည်ဟုဆိုသည်။ တနင်္လာနေ့ ဒက်ထရွိုက်ကားပြပွဲ အင်တာဗျူးတွင် de Nysschen က 'တရုတ်နိုင်ငံတွင် GM ၏လျှပ်စစ်ကားထုတ်လုပ်ရေးမဟာဗျူဟာမှာ အဓိကအခန်းကဏ္ဍဖြစ်လာမည်ဖြစ်ပြီး GM ၏အနာဂတ်လျှပ်စစ်ကား ပုံစံသစ်ပေါ်တွင်အခြေခံ၍ မော်ဒယ်သစ်များကိုထုတ်လုပ်မည်။ အချို့ Cadillac မော်ဒယ်များကို တရုတ်နိုင်ငံတွင်တပ်ဆင်ထုတ်လုပ်မည်' ဟုလည်း ပြောကြားခဲ့သည်။

ဖို့ဒ်၊ ဗောက်စ်ဝက်ဂွန်နှင့် GM တို့၏ ဒေသခံမိတ်ဖက်ကုမ္ပဏီများ အပါအဝင် တရုတ်မော်တော်ကားထုတ်လုပ်သောကုမ္ပဏီများအားလုံးသည် လျှပ်စစ်ကားများအတွက် အကြီးအကျယ်ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်များအားလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် မော်တော်ယာဉ်ထုတ်လုပ်သောကုမ္ပဏီတိုင်းသည် လျှပ်စစ်ကားကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတွင် အလောတကြီး ရင်းနှီးမြှုပ်နှံကြသည်မဟုတ်ကြပေ။ တနင်္လာနေ့ ဒက်ထရွိုက်ကားပြပွဲတွင် Fiat Chrysler ကုမ္ပဏီမှ အမှုဆောင်ချုပ် Sergio Marchionne က လျှပ်စစ်ကားထုတ်လုပ်မည့်အရေးအတွက်အား မကြေညာခဲ့ဘဲ ၄င်း၏ကုမ္ပဏီမှာဖိအားများအောက်တွင်ရှိမနေကြောင်း၊ သို့သော် ကာဗွန်ထုတ်လုပ်မှု လျှော့ချရေးအတွက် လိုအပ်ချက်များကိုလုပ်ဆောင်နေကြောင်းနှင့် ကာဗွန်လျှော့ချရေးဥပဒေများကြောင့် လျှပ်စစ်ကားများမှာ ဥရောပတွင်မဖြစ်မနေလိုအပ်လာလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Source : https://www. reuters. com/article/

## 'စက်မှုနှင့်သက်မွေးပညာရှေ့လျှားသင်တန်း' အမှတ်စဉ် (၆၁) သင်တန်းဖွင့်

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရေးရည်ရွယ်လျက် 'တစ်ရာစွမ်းအား' ကျန်းမာရေးနှင့်ပညာရေးအထောက်အကူပြုအဖွဲ့နှင့်ပူးပေါင်း၍ 'စက်မှုနှင့်သက်မွေးပညာရှေ့လျှားသင်တန်း' အမှတ်စဉ် (၆၁) ကို ဇန်နဝါရီလ ၂၉ ရက်နေ့၊ နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့ 'တစ်ရာစွမ်းအား' ကျန်းမာရေးနှင့်ပညာရေးအထောက်အကူပြုပရဟိတအသင်းရုံး၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် 'တစ်ရာစွမ်းအား' ကျန်းမာရေးနှင့်ပညာရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) ကျောင်းအုပ်ကြီး ဦးအောင်နိုင်မိုးတို့က သင်တန်းဖွင့်အမှာစကားများ အသီးသီးပြောကြားခဲ့သည်။ အခမ်းအနားသို့ 'တစ်ရာစွမ်းအား' ကျန်းမာရေးနှင့်ပညာရေးအထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများတက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ***'အခြေခံလျှပ်စစ်ပညာဘာသာရပ်'*** ကို ဇန်နဝါရီလ ၂၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၉ ရက်နေ့အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၆၃ ဦးနှင့်သင်တန်းသူ ၂ ဦး၊ စုစုပေါင်း ၆၅ ဦးတက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။



## အိန္ဒိယချည်ဈေးတက်၍ ဂန့်ဂေါရိုးရာရက်ကန်းအချို့ ရပ်နားထားရ

မြန်မာ-အိန္ဒိယနယ်စပ်၊ အိန္ဒိယနိုင်ငံဘက်မှလာသော ချည်ကုန်ကြမ်းများကို မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် ပျားရွာရှိရိုးရာရက်ကန်းစင်များက အားပြုလုပ်ကိုင်နေကြရာ ယခုရက်ပိုင်းတွင် ချည်ထုတ်ဈေးများ ဈေးမြင့်တက်လာသည့်အတွက် အထည်ရက်လုပ်ရေး အခက်တွေ့ကာ လုပ်ငန်းများ ရပ်နားထားရကြောင်း ရက်ကန်းလုပ်ကိုင်သူများထံမှ သိရသည်။

ရှေးယခင်ကာလက ဂန့်ဂေါနယ်ရှိ ရက်ကန်းသည်များမှာ ဒေသထွက်ချည်များကို ဒေသထွက်ဆိုးဆေးများဖြင့်ဆိုး၍ ရက်လုပ်ခဲ့ကြသော်လည်း ယခုနောက်ပိုင်းကာလတွင် တရုတ်နှင့်အိန္ဒိယဘက်မှဝင်သည့် ပိုးချည်၊ ရိုးရိုးချည်၊ ရောင်စုံချည်များကို အသုံးပြုလာကြသည်။ အိန္ဒိယနိုင်ငံဘက်မှတင်သွင်းသည့် အိန္ဒိယချည်ထုပ်များကို ကီလိုဂရမ်ဖြင့်တွက်ချက်ရောင်းဝယ်ခြင်းဖြစ်ရာ ပြီးခဲ့သည့် မိုးရာသီတွင် သုံးကီလိုရှိသည့်ချည်



ထုပ်တစ်ထုပ်လျှင် ကျပ် ၂၅,၀၀၀ မှ ကျပ် ၂၆,၀၀၀ ဝန်းကျင်ရှိခဲ့သော်လည်း သီတင်းကျွတ်ပြီးရာသီမှအစပြု၍ ဈေးမြင့်တက်ခဲ့ရာ ယခုနှစ်သစ်ကူးရာသီတွင် ချည်ထုပ်တစ်ထုပ်ကို ကျပ် ၂၈,၅၀၀ ဝန်းကျင်ထိ ဈေးတက်လာခြင်းကြောင့် ရက်ကန်းစင်အချို့အရှုံးပေါ်၍ ခေတ္တရပ်နားနေကြကြောင်းသိရသည်။

**လေနီကြမ်း**

မျက်နှာဖုံးမှ-

# ကြီးမားသည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခု ကမ္ဘာမြေအနီးမှ ဖြတ်သန်းမည်

***ဖြစ်နိုင်ခြေရှိတဲ့အန္တရာယ် ( Potentially Hazardous ) လို့ NASA က သတ်မှတ်ထားတဲ့ ကြီးမားတဲ့ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုဟာ ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ ကမ္ဘာအနီးကနေဖြတ်သန်းသွားနိုင်တယ်လို့ NASA က ခန့်မှန်းထားပါတယ်။*** AJ129 လောက်ကြီးမားတဲ့ အာကာသ ကျောက်တုံးကြီးသာ ကမ္ဘာကိုဝင်တိုက်မိခဲ့မယ်ဆိုရင် ဘယ်လိုဖြစ်သွားနိုင်မလဲ။

အဆိုပါ ဂြိုဟ်သိမ်ဂြိုဟ်မွှားကြီးဟာ ပေ ၁,၆၀၀ နဲ့ ၄,၀၀၀ ကြားအထိ ရှိနိုင်မယ်လို့ ခန့်မှန်းထားကြပြီး နောက်လထဲမှာ ကမ္ဘာအနီးကနေ တစ်နာရီမိုင် ၆၇,၀၀၀ နှုန်းနဲ့ ဖြတ်သန်းသွားမှာဖြစ်ပါတယ်။

နက္ခတ်ဗေဒပညာရှင်တွေကတော့ ၂၀၀၂ ခုနှစ်တုန်းက ကမ္ဘာအနီးက ဖြတ်သွားခဲ့တဲ့ AJ129 လိုပဲ ***အဆိုပါအာကာသကျောက်တုံးကြီးဟာ ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ ကမ္ဘာမြေကနေမိုင်ပေါင်း ၂၆,၁၅၁,၂၅၈ အကွာကနေ ဖြတ်သန်းသွားမယ်လို့ခန့်မှန်းထားပါတယ်။*** ဖြတ်သန်းသွားမယ့်အကွာအဝေးက ဝေးတယ်လို့ထင်ရပေမယ့် နဂါးငွေ့တန်းဂလက်ဆီတွေနဲ့ တော်တော်ကိုနီးမှာဖြစ်ပါတယ်။ NASA ကတော့ ဒီဂြိုလ်သိမ်ဂြိုလ်မွှားကြီးကို ' Potentially Hazardous ' လို့သတ်မှတ်ခဲ့ပြီး ဒီလိုသတ်မှတ်ချက်မျိုးအား ကမ္ဘာမြေကနေ မိုင်ပေါင်း ၄,၆၀၀,၀၀၀ ကနေလာတဲ့ အရာဝတ္ထုကိုပဲ သတ်မှတ်တာဖြစ်ပါတယ်။



အဆိုပါ ဂြိုဟ်သိမ်ဂြိုဟ်မွှားကြီးဟာ ဒီနှစ်အတွက် ကမ္ဘာအနီးကနေဖြတ်သွားမယ့် အကြီးဆုံးအာကာသကျောက်တုံးကြီးဖြစ်ပြီး ကမ္ဘာမြေကိုတိုက်မိနိုင်တဲ့အခြေအနေကတော့ နည်းပါတယ်။ နက္ခတ်ဗေဒပညာရှင်တွေကတော့ ကမ္ဘာအနီးကနေဖြတ်သန်းသွားမယ့် ဂြိုဟ်သိမ်ဂြိုဟ်မွှားကြီးတွေ ရာနဲ့ချီရှိမှာဖြစ်ပေမယ့် ကမ္ဘာမြေအတွက် အန္တရာယ်ရှိနိုင်ခြေနည်းပါတယ်လို့ဆိုပါတယ်။

နက္ခတ်ဗေဒပညာရှင်တွေက ဒီအာကာသကျောက်တုံးကြီး ဖြတ်သန်းသွားလို့ ကမ္ဘာအတွက်အန္တရာယ်မရှိနိုင်ဘူးလို့ဆိုကြပေမယ့် တကယ်လို့သာ AJ129 လောက်ရှိတဲ့ ဘယ်အရာဝတ္ထုမဆို ကမ္ဘာကိုဝင်တိုက်ခဲ့မယ်ဆိုရင်တော့ ကြေမွသွားမှာဖြစ်ပါတယ်။ ရှေးနှစ်ပေါင်းများစွာက ကြီးမားတဲ့အာကာသကျောက်တုံးတွေ ကမ္ဘာမြေပေါ်ကိုကျရောက်ခဲ့လို့ ဒိုင်နိုဆောတွေပျောက်ကွယ်ခဲ့ရတာဖြစ်ပါတယ်။

စောစောပိုင်းလေ့လာမှုတွေအရ ကြီးမားတဲ့ကျောက်တုံးကြီးတွေ ကမ္ဘာကိုဝင်တိုက်ခဲ့မယ်ဆိုရင် ကျောက်အမှုန်အမွှားတွေ လေထုထဲကိုရောက်သွားပြီး နေရောင်ကိုနှစ်ပေါင်းများစွာပိတ်ဆို့စေနိုင်ကာ အပူချိန်ကျဆင်းသွားနိုင်လို့ ရေခဲခေတ်ကို ပြန်ရောက်သွားစေနိုင်မှာဖြစ်ပါတယ်။

ချက်ချင်းဖြစ်နိုင်မယ့်အကျိုးဆက်ကလည်း ကြီးပါတယ်။ အဆိုပါဂြိုဟ်သိမ်ကြီးသာ ***မြေကြီးပေါ်ကျရောက်ခဲ့မယ်ဆိုရင် ပေါက်ကွဲမှုလှိုင်းကြောင့် အနီး အနားပတ်ဝန်းကျင်နေရာတွေကို ဖုံးလွှမ်းသွားနိုင်ပြီး သမုဒ္ဒရာထဲကျခဲ့မယ်ဆိုရင်တော့ ကြီးမားတဲ့ဆူနာမီလှိုင်းတွေကို ဖြစ်စေနိုင်မှာပါ။*** သိပ္ပံပညာရှင်တွေကတော့ အမေရိကန်နိုင်ငံရဲ့စွမ်းအားမြင့် ရေဒါနက္ခတ်တာရာကြည့်ပစ္စည်း ၂ ခုထဲက တစ်ခုဖြစ်တဲ့ ကယ်လီဖိုးနီးယားက Gold Stone Radio Telescope ကိုသုံးပြီး အဆိုပါအာကာသကျောက်တုံးကြီးကို စောင့်ကြည့်နေကြပါတယ်။ ၎င်းတို့ကတော့ ဂြိုဟ်သိမ်ကြီးရဲ့အရွယ်အစား၊ ပုံသဏ္ဍာန်၊ အတွင်းမှာရှိနိုင်တဲ့ပုံစံနဲ့ ဘယ်လောက်အလျင်နဲ့လည်ပတ်နေတယ်ဆိုတာတွေကိုသိရှိနိုင်ဖို့ ရေဒါနက္ခတ္တဗေဒကိုသုံးပြီး လေ့လာနေကြပါတယ်။

NASA ရဲ့ ကမ္ဘာအနီးဖြတ်သွားတဲ့ ဂြိုဟ်သိမ်တွေကို ရေဒါနည်းပညာနဲ့ လေ့လာနေတဲ့ နက္ခတ်ဗေဒပညာရှင် Lance Benner ကတော့ ‘ ရေဒါကနေလေ့လာပြီး အဆိုပါအာကာသကျောက်တုံးတွေနဲ့ပတ်သက်ပြီး မေးခွန်းတွေကိုဖြေကြားပေးသွားပါမယ်’ လို့ ဆိုပါတယ်။

Source : https://www/youtube.com

**ထက်မြတ်ထွန်း**

# သက်မွေးပညာသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်း

ပညာရေးဝန်ကြီးဌာနနှင့် AGTI ကျောင်းသားဟောင်းများအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် သက်မွေးပညာသင်တန်းအမှတ်စဉ် (၅) သင်တန်းဆင်းပွဲကို ဇန်နဝါရီလ ၁၉ ရက်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ GTI ကျောင်းဝင်းရှိ သက်မွေးပညာသင်တန်းကျောင်း၊ ဆာကူရာခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ AGTI ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးငြိမ်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာနမှ ဒေါက်တာစိုင်းကျော်နိုင်ဦးက ဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် Smuitomo Corporation အထွေထွေမန်နေဂျာ Mr. Nakagwa နှင့် Kinden Corporation တို့က ပူးပေါင်းဖွင့်လှစ်ခဲ့သည့် သင်တန်းများနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်၍ သင်တန်းတွင်ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ သက်မွေးပညာသင်တန်းအတွက် အကူအညီပေးခဲ့ကြသော ဆရာများအား ဂုဏ်ထူးဆောင်လက်မှတ်များ ပေးအပ်ခဲ့ပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သက်မွေးပညာသင်တန်းကျောင်းကို ၂၀၁၄ ခုနှစ်မှစတင်၍ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် Bucker Crane Operation Training ၊ Crane Single Training ၊ CW Lighting Fixture Installation Training ၊ Transformer Training စသည့် အန္တရာယ်ကင်းသည့် လျှပ်စစ်သွယ်တန်းအသုံးပြုခြင်းဆိုင်ရာ ပညာရပ်များအား ကျွမ်းကျင်တတ်မြောက်ရန်၊ စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ခြင်းဖြစ်ကာ သင်တန်းကာလ ၇ လကြာမြင့်ပြီး အခြေခံပညာဒသမတန်းသင်ကြားထားသူများ၊ ဘွဲ့ရရှိထားသ၊ အသက် ၂၀ နှစ်မှ ၄၀ နှစ်အတွင်း ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်သန်စွမ်းသူမည်သူမဆို သင်တန်းတက်ရောက်ခွင့်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ **မင်းထွဏ်း**




# ကျေးလက်ဒေသများတွင် ဆက်သွယ်ရေးကွန်ရက်တည်ဆောက်ရန် အော်ပရေတာများထံမှ ဝင်ငွေ ၂ ရာခိုင်နှုန်း ကောက်ခံသွားမည်

မြန်မာနိုင်ငံအတွင်း ကျေးလက်ဒေသများတွင် ဆက်သွယ်ရေးကွန်ရက်တည်ဆောက်နိုင်ရန်အတွက် အော်ပရေတာများထံမှ ဝင်ငွေ၏ ၂ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။

ယခုနှစ်အတွင်း စတင်မည့် အဆိုပါစီမံကိန်းကိုမြို့နယ်ပေါင်း ၄၀ ကျော်တွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ပြည်ထောင်စုအဝေးပြေးလမ်းမကြီးပေါ်တွင် လိုအပ်နေသည့် ဆက်သွယ်ရေးကွန်ရက်များကို ရန်ပုံငွေနှင့်အဓိကအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် လူနေထူထပ်ပြီး ဈေးကွက်ကောင်းမွန်သည့် နေရာဒေသများတွင်သာ Mobile ကွန်ရက်တည်ဆောက်ထားခြင်းကြောင့် ယခုကဲ့သို့ ကျေးလက်ဒေသများတွင်လည်း ဆက်သွယ်ရေးကွန်ရက်တည်ဆောက်နိုင်ဖို့ အော်ပရေတာများထံမှငွေကြေးပြန်လည်ကောက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ခန့်မှန်းချက်အရ စတုတ္ထမြောက်အော်ပရေတာ အပါအဝင် အော်ပရေတာအားလုံး၏ ကွန်ရက်ဖြန့်ကြက်မှုသည် လာမည့် ၂၀၁၉ ခုနှစ်တွင် လူဦးရေ ၉၄ ရာခိုင်နှုန်း (သန်း ၅၀ ခန့် ) ကို လွှမ်းခြုံနိုင်မည်ဟုဆိုသည်။ လက်ရှိတွင် ပြည်တွင်းလူဦးရေ ၂. ၆ သန်းခန့်အနေဖြင့် ဆက်သွယ်ရေးကွန်ရက် မရှိသေးခြင်းကြောင့် ယခုလိုကွန်ရက်အော်ပရေတာများထံမှ ရန်ပုံငွေဖြင့်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနကတည်ဆောက်သွားရန် စီစဉ်လိုက်ခြင်းဖြစ်သည်။ **မျိုးမောင်မောင်**




**AGGC.**
www.aungyigroup.com

09 - 78 5000001, 78 5000002, 78 5000003, 78 5000004, 78 5000005

S.M.I

## SUN MYANMAR GROUP OF COMPANIES



**OFFICE**
No.797,(504/B),MAC Tower(II),Corner Of Bogyoke Aung San & Wardan St,
Lanmadaw Tsp,Yangon,Myanmar.
Tel :01-211076,212944(Ext :504),2301031
E-mail :sunmyanmar1000@gmail.com.

**FACTORY**
No.469,Mandalay Street,23 Ward,Industrial Zone (1),South Dagon,Yangon,
Myanmar.
Tel :01-595526,09-730 43308,09-730 42414

## SPP-SUMMIT PACKAGING PLASTIC

BOPP special transparent garment poly bag

**BOPP ပလပ်စတစ်ကပ်စွါအိတ် အမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရေး**

# အထည်ချုပ်စက်ရုံများအတွက်အင်္ကျီ အိတ်၊ပုဆိုးအိတ်အမျိုးမျိုး
# CD,DVD အိတ်၊မုန့်အိတ်၊ထီးအိတ် အမျိုးမျိုးတို့ကို Plain (သို့) ကိုယ်ပိုင် LOGO များဖြင့်ရိုက်နှိပ်မှာယူနိုင်ပါသည်။



**Contact Person : Daw Zin Zin(09 420139123)**

Factory : No.539,Bo Aung Kyaw Road,Industrial Zone (5), Hlaing Thar Yar Tsp,Yangon Division,Myanmar.
Phone : 09-420139123,09-254308455,09-443136989, 09-401604466.
E-mail : summitpackagingplastic@gmail.com
: zinzin2883@gmail.com

# ထ အဘထ

ရှေးတိုင်းကျန်းမာ

တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ချိရေး

## အဘထ

စေတနာ



"ထ" အမှတ်တံဆိပ် ရှုဆေး(၂)

နလုံးရောဂါဆေး

အနာဘုရင်လိမ်းဆေး

ဆီးဝမ်းမှန်၊ နက်ကျော်ဆေး

သွက်ချာပါဒ လေငန်းဆေး

**ဖြန့်ချိရေး - အမှတ် - ၁၅၀၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉ ၃၁၆၉၈၁၁၁၈၊၀၁ ၆၄၈၄၂၅၊၀၉ ၈၃၂၄၂၁၂၈၊၀၉ ၅၀၄၃၃၅၆၃**

MEBS GLOBAL

## Trusted Solutions in Challenging Environments









LAST MILE CARGO DELIVERY

OPERATIONS IN ALL REGIONS OF MYANMAR

INTERNATIONAL FREIGHT FORWARDING

WAREHOUSING

**Office Phone:** +95-1-542-357

**Email:** myanmar@mebs-global.com

**Address:** Block C, Room No. $F_1$-09, 2nd Floor, Pearl Condominium, Kabar Aye Pagoda Road, Bahan Township, Yangon.

**Mobile:** +95-9-421-092-169,+95-9-429114332

**Website:** www.mebs-global.com




- ဆိုင်အမှတ်(၆၃-၆၅) သစ်သီးတန်း၊ ဈေးချို ၊ မန္တလေးမြို့။ ✆ ၃၃၅၅၄၊၀၂-၄၀၀၀၃၂၅၊ ၀၉-၉၁၀၁၈၅၆၃
- သီရိမန္တလာကားဝင်းအတွင်း၊ မန္တလေးမြို့။ ✆ ၀၉-၆၅၀၁၄၆၆
- ချမ်းမြရွှေပြည်ကားဝင်းအတွင်း(ကျွဲဆည်ကန်) မန္တလေးမြို့။ ✆ ၀၂-၈၀၁၅၄၊ ၈၀၆၉၂
- ၇၈လမ်း၊(၃၀-၃၁)လမ်းကြား၊ ဘူတာကြီးရှေ့(နှစ်ဆိုင်)၊ မန္တလေးမြို့ ✆ ၀၂-၃၃၅၅၄၊၃၆၃၆၁
- (အိမ်) ၂၄လမ်း(၈၈-၈၉)လမ်းကြား၊ မန္တလေးမြို့။ ✆ ၀၂-၃၁၆၈၄၊ (စက်ရုံ) ၀၉-၆၅၀၀၈၆၆
- ၆၂လမ်း၊ဇလပ်ဝါနှင့်ဒေလီယာလမ်းကြား။
- D 4 - A၊ဂိတ်-၈၊မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်။

FORCE 09-2038908




## လိုင်းပင်မြို့၌ တရုတ်အနုပညာရှင်များ မြန်မာ့ရှုခင်းဓာတ်ပုံပြပွဲဖွင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်အားပေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့ အခြေစိုက်မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကွမ်ရှီး အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှုဖလှယ်ရေး စင်တာ၊ လိုင်းပင်မြို့ကွန်မြူနစ်ပါတီ ပြန်ကြားရေးဌာနနှင့် Guangdong Perfect Group တို့ပူးပေါင်းကျင်းပသည့် တရုတ်အနုပညာရှင်များ မြန်မာရှုခင်းဓာတ်ပုံပြပွဲ ( Buddhist Flower of Myanmar ) ပြပွဲကို ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကွမ်ရှီးကျွမ့်လူမျိုးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လိုင်းပင်မြို့၌ကျင်းပပြုလုပ်ခဲ့သည်။

ပြပွဲတွင် တရုတ်အနုပညာရှင် ၈ ဦးနှင့် မြန်မာနိုင်ငံမှအနုပညာရှင်များက မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရဗုဒ္ဓဘာသာ အဆောက်အဦများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုများ၊ သဘာဝရှုခင်းများကို ရိုက်ကူးထားသည့် ဓာတ်ပုံပေါင်း ၁၀၀ ကျော်ကိုခင်းကျင်းပြသခဲ့ပြီး ပြပွဲကိုကွမ်ရှီးပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Gao Xiong က ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါပြပွဲသို့ နန်နင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အဖြစ် စက်မှုဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးထွန်းမြင့်နှင့် မန်နေဂျာ ဦးနိုင်ဇော်ဝင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ မန္တလေးအနုပညာနှင့်ယဉ်ကျေးမှုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးအောင်နိုင်ဦးနှင့် ရန်ကုန်အနုပညာနှင့်ယဉ်ကျေးမှုတက္ကသိုလ် ကထိက ဦးမောင်မောင်ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ❑

## အိပ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းပိုင် ***ဝင်းသူဇာအရောင်းဆိုင် (မြို့မဈေး-နေပြည်တော်)*** ရှိ ဆိုင်ခန်းအမှတ် ( ရ/၇၊ ၈၊ ၂၁၊ ၂၂ ) ဆိုင်ခန်း (၄) ခန်းအား တင်ဒါခေါ်ယူငှားရမ်းသွားမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| **(က)** | **တင်ဒါပိတ်မည့်ရက်** | - | **၉. ၂. ၂၀၁၈ ရက် (သောကြာနေ့)** |
| **(ခ)** | **တင်ဒါပေးသွင်းရမည့်နေရာ** | - | **ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန နေပြည်တော်** |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ***အုပ်ချုပ်ရေးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၃၇) နေပြည်တော်။ ဖုန်း - ၀၆၇-၄၀၈၁၈၄*** တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**